# ဗောဇ္ဈင်္ဂသုတ္တန်

## တရားတော်

သဲကုန်း အရှင်ဉာဏိဿရ
[ သပိတ်အိုင် ]

၁၅၇၀၉

စစ်ကိုင်းတောင်ရိုး-သဒ္ဓမ္မသီတဂူချောင်ဆရာတော်

## သဲကုန်းအရှင်ဥာဏိဿရ

[ သပိတ်အိုင် ]

ဟောကြားတော်မူသော

# ဗောဇ္ဈင်သုတ္တန်တရားတော်

[ ဂိလာနသုတ္တန် ]

သာသနာရေးဦးစီးဌာန
စ ... တိုက်
က ... ရန်ကုန်

ဖြန့်ချိရာဌာန

* မဒ္ဒတေးပိဋကာ မိသားစု အသံသွင်းဌာန၊ ၁၇၉၊ မောင်ထော်လေးလမ်း၊ ရန်ကုန်မြို့။
* ဦးညွန့်တင်၊ ရွှေလဝင်းပရိက္ခရာဆိုင်၊ ၇၆ လမ်း၊ (သက္ကျသီဟ ဘုရားအနောက်ဘက်) မန္တလေးမြို့။

" သီတဂူ စာအုပ်အမှတ် [ ၁၀ ] "

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် [၇၇၅]
မျက်နှာဖုံးခွင့်ပြုချက် အမှတ် [၀၂၇၂]

*

ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း

*

၁၉၈၂-ခုနှစ်၊ ဇူန်လ

*

အုပ်ရေ - ၂၀၀၀

*

မျက်နှာဖုံး—မျိုးညွန့်ပုံနှိပ်တိုက်

*

တန်ဖိုး ၆ ကျပ်

*

ဦးကျော်ညွန့် [၀၁၂၁]၊ ကျော်ညွန့်နှင့် အပေါင်းအသင်း၊ အမှတ် ၉၂၊ ၉၃ လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍၊ မဒါတီ [၀၁၂၆၁] မျိုးညွန့်စာပုံနှိပ်တိုက်၊ အမှတ် ၃၈၊ ၈၇ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

# "အဖွင့်စကား"

**ဗောဇ္ဈင်္ဂသုတ္တန်** ဗောဇ္ဈင်္ဂသုတ္တန်တရားတော်ဟူသည် မဟာဝဂ္ဂ သံယုတ်ပါဠိတော်၌ လာသော ဂိလာနသုတ္တန် တရားတော်ပင် ဖြစ်သည်၊ ဗောဓိပက္ခိယတရား ၃၇-ပါးအဝင် ဗောဇ္ဈင် (၇)ပါးကို ဟောထားသောကြောင့်လည်းကောင်း၊ ဗောဇ္ဈင်္ဂပရိတ်ဟု အသိများ ထင်ရှားနေသောကြောင့်လည်း ကောင်း၊ ဂိလာနသုတ္တန်ကို အသိနည်းလျက် ဗောဇ္ဈင်္ဂသုတ္တန်ဟု သာ အသိများ ထင်ရှားလျက်ရှိသည်။

**ဗောဇ္ဈင် ၂-မျိုး** ထိုဗောဇ္ဈင်သည် ပါဠိတော်ဗောဇ္ဈင်၊ပရိတ်ကြီး ဗောဇ္ဈင်ဟု ၂-မျိုး ရှိသည်၊ မဟာဝဂ္ဂ သံယုတ်၌ ဟောကြားတော်မူအပ်သော ဂိလာနသုတ်ကို ပါဠိ တော် ဗောဇ္ဈင်ဟု ခေါ်၏၊ ပရိတ်ကြီး၌လာသော ဗောဇ္ဈင်္ဂ သုတ်ကို ပရိတ်ကြီးဗောဇ္ဈင်ဟု ခေါ်ကြသည်။ ပါဠိတော် ဗောဇ္ဈင်သာလျှင် ဘုရားဟောဖြစ်သည်၊ ပရိတ်ကြီးဗောဇ္ဈင်ကား နောက်မှ ဆရာမြတ်တို့က ပါဠိတော်လာ အဓိပ္ပါယ်များကို ခြုံငုံ၍ ဂါထာစီကုံးထားပြီးလျှင် ဗောဇ္ဈင်္ဂပရိတ်ဟု ခေါ်ဝေါ်သုံးစွဲခဲ့ ကြခြင်း ဖြစ်သည်။

**ဝေဝေဆာဆာဟောကြား** သံကုန်းဆရာတော် အရှင်ဉာဏိဿရ သည် ဗောဇ္ဈင်္ဂသုတ္တန်တရားတော်၌ ဤဗောဇ္ဈင် ၂-မျိုးလုံးပါဝင်အောင် ထည့်သွင်းဟောကြား ထားလေသည်၊ ဤတရားတော်၌ ကျင့်နည်းကြံနည်း အားထုတ် နည်းများညွှန်ပြထားရုံမျှမက ရောဂါဖြစ်ခြင်းအကြောင်းများ၊ သိမှတ်ဖွယ်ရာ အချက်အလက်များကိုလည်း ပါဠိအဋ္ဌကထာတို့၌ လာသော ဖွင့်ဆိုချက်များနှင့်ဟပ်၍ ထိမိပေါ်လွင်စွာ ဝေဝေ ဆာဆာ ဟောကြားထားပေသည်။

**အစွမ်းထက်ပုဂ္ဂိုလ်** အရှင်ဉာဏိဿရသည် မြတ်ဗုဒ္ဓ၏တရားဓမ္မတို့ကို ဖော်ထုတ်ဟောကြားရာ၌ အစွမ်းထက်သည့် ပုဂ္ဂိုလ်တပါးဖြစ်သည်၊ ယဉ်ကျေးဖွယ်ရာသော စကားလုံးရှိခြင်း၊ သိလွယ်မြင်လွယ်နိုင်ခြင်း၊ တိကျမှန်ကန်ရခြင်း၊ သူတပါးတို့အား ထိခိုက်မှုမရှိစေရခြင်းဟူသော အဟောအပြောကောင်း၊ အရေးအသားကောင်းသူတို့၌ ရှိရမည့်ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသူလည်း ဖြစ်သည်၊ ဤအရှင်၏ တရားတော်များသည် စကားလုံးပြေချော၍ သိမြင်လွယ်သည်၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာလာ အယူအဆများ၌ တိကျ၍ အခြားသူတို့အားလည်း ထိပါးကလူခြင်း မရှိချေ။

**အစွမ်းထက်သုတ္တန်** ဤဗောဇ္ဈင်္ဂသုတ္တန်သည်လည်း အစွမ်းထက်သုတ္တန်တခု ဖြစ်သည်၊ ဤသုတ္တန်ကို နာယူလိုက်ရသဖြင့် အရှင်မဟာကဿပ၊ အရှင်မဟာမောဂ္ဂလ္လာန်ရဟန္တာမထေရ်မြတ်ကြီး ၂-ပါးတို့သည် ခံစားနေရသည့် ရောဂါဝေဒနာတို့မှ ဖြုတ်ချည်းရုတ်ချည်းပင် ထမြောက်လွတ်ကင်းတော်မူကြသည်၊ ရောဂါဝေဒနာ၏ ဖိစီးခြင်းဒဏ်ကို ခံနေတော်မူရရှာသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်ပင် ဤသုတ္တန်ကို အရှင်စုန္ဒမထေရ်အား ဟောကြားစေလျက် နာယူတော်မူခဲ့သဖြင့် ရောဂါဝေဒနာတို့မှ တခဏချင်း ပျောက်ကင်းသက်သာတော်မူခဲ့ရပေသည်၊ ထို့ကြောင့် ဤသုတ္တန်ကြီးသည် အစွမ်းထက် သုတ္တန်ကြီး တခုအဖြစ် ထင်ရှားကျော်ကြားခဲ့ရလေသည်။

**စိတ်ချမ်းသာမှု ရရှိနိုင်စေ** နိုင်ငံကျော် ဓမ္မကထိက အနီးစခန်း ဆရာတော် ဘုရားကြီးသည် အမေရိကန်ပြည် ဟိုနိုလူလူကျွန်းသို့ရောက်၍ တရားဟောပြောဆွေးနွေးကြရာတွင် အမျိုးသမီးကြီးတဦးက မေးခွန်းတခုမေးခဲ့သည်၊ မြန်မာဘုန်းတော်ကြီးများသည် သေလွန်ခါနီး လူမမာများအတွက် မည်သို့ ဆောင်ရွက်ပေးကြပါသနည်း....ဟု ဖြစ်၏၊ ထိုအခါ အနီးစခန်းဆရာတော်ဘုရားကြီးက လူမမာစိတ်ချမ်းသာမှု ရရှိနိုင်စေရန်လည်းကောင်း၊ အသေဖြောင့်၍ ဘဝကူးကောင်းစေရန်လည်းကောင်း၊ ဗောဇ္ဈင်္ဂသုတ္တန်၊ ဓမ္မစက္ကပဝတ္တန၊ အနတ္တလက္ခဏသုတ္တန် စသော ဘုရားဟောတရားတော်ကြီးများကို ရွတ်ဆိုပေးကြပါကြောင်း ပြန်လည် ဖြေကြားခဲ့ပါသည်။

**ရှေးက အာဂုမ်ဆောင်ကြ** ထို့ကြောင့်....ဤဗောဇ္ဈင်္ဂသုတ်တော်ကို ရှေးအခါက ဗုဒ္ဓဘာသာဝင်အများတို့သည်လည်းကောင်း၊ ရဟန်းသံဃာတော်တို့သည်လည်းကောင်း အရကျက်မှတ်ကာ အာဂုမ်ဆောင်ထားကြလေသည်၊ ယခုအခါ၌ကား ဤဘုရားဟောသုတ္တန်ကြီးများကို အရကျက်မှတ်ကာ ရွတ်အံပြန်ဆိုသူ နည်းပါးလှသဖြင့် ရှေးထုံးတွေ ပြယ်ကာ ဝမ်းနည်းဖွယ်ရာ ကောင်းလှပေတော့သည်၊ လောက၌ ပေါ်လွင်နေမှုသာလျှင် ထာဝရတင့်တယ်သောအရာ ၃-မျိုး ရှိသည်၊ လသည် လည်းကောင်း၊ နေသည် လည်းကောင်း တိမ်မှောင်ဝေကင်း၍ အစဉ်ထွန်းလင်းနေမှုသာလျှင် တင့်တယ်ပေသည်၊ ထို့အတူ မြတ်ဗုဒ္ဓ၏ တရားဓမ္မတို့သည်လည်း အဝိဇ္ဇာ

မှောင်၊ မိစ္ဆာအမှောင်တို့လွှမ်းဖုံးနေလျှင် မတင့်တယ်နိုင်ချေ၊ လူသားတို့၏ဉာဏ်အတွင်း၊ အာရုံအတွင်း၌ ထာဝရထွန်းလင်း နေမှသာလျှင် တင့်တယ်ရပေသည်။

**ရောဂါပျောက်ရေး အမြိုက်ဆေး** စုစုချုပ် ဖော်ပြရလျှင် ဤ ဗောဇ္ဈင်္ဂသုတ္တန်တရားတော်သည် တရားတော်အတိုင်း လိုက်နာကျင့်သုံးကြသူတို့အား ကိုးဆယ့်ခြောက်ဖြာ သဘာဝဘေးရောဂါတို့ကိုပျောက်ကင်းစေနိုင်ရုံမျှမက သတ္တဝါတို့သန္တာန်၌တသံသရာလုံးကစွဲကပ်လာခဲ့သည့် ကိလေသာအနာရောဂါဆိုးကြီးမှလည်း ဝေကန် လွတ်မြောက်နိုင်ပေ၏၊ သဲ ကန်း အ ရှင် ဉာ ဏိ ဿ ရ သည် ဤ အချက်ကို ဤဗောဇ္ဈင်္ဂသုတ္တန်၌ ကွက်ကွက်ကွင်းကွင်း ရှင်းလင်းဟောကြားထားလေသည်၊ ဗောဇ္ဈင်တရားတော်ကို နာကြားရခြင်း၊ လိုက်နာကျင့်သုံးရခြင်းကြောင့် သဘာဝဘေးရောဂါ၊ ကိလေသာ အနာရောဂါကြီးတို့မှ ပျောက်ကင်းသက်သာခွင့်ရရှိနိုင်ပုံ အသေးစိတ် ခြယ်မှုန်းဟောပြထားသည်မှာ ဤဗောဇ္ဈင်္ဂသုတ္တန်တရားတော်၏ ထူးခြားချက် ဝိသေသလက္ခဏာဟာရပ်ပင် ဖြစ်ပေတော့သည်။ သတိ၊ ပညာ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာ ဆေး (၇) ဖုံတို့ဖြင့် ဖော်စပ်၍ထားသော မြတ်ဗုဒ္ဓ၏ "ဗောဇ္ဈင်အမြိုက်ဆေး"ကို စာရှုသူတို့ နှစ်ခြိုက်ရွှင်ပြုံး တဝကြီး သောက်သုံးနိုင်ကြပါစေကုန်သတည်း။

အရှင်မဟောသမပဏ္ဍိတ
[၁၆-၅-၇၂]

# ဗောဇ္ဈင်္ဂသုတ္တန်တရားတော်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ဂိလာနပုဂ္ဂိုလ် (၃) ပါးအကြောင်းပြုပြီး ဟောတဲ့သုတ္တန် | ၉ |
| ၂ | ဘုရားရှိခိုး | ၁၁ |
| ၃ | ဂိလာနသုတ္တန် (၃) ခု | ၁၃ |
| ၄ | ရှင်မဟာကဿပနှင့် ကာယိကဒုက္ခ | ၁၅ |
| ၅ | ရောဂါ နှင့် ရုပ် | ၁၆ |
| ၆ | ရုပ်နှင့်ဝေဒနာ | ၁၈ |
| ၇ | ဝေဒနာသုံးပါး | ၁၉ |
| ၈ | ရောဂါဖြစ်ကြောင်း '၆' ရပ် | ၂၁ |
| ၉ | ဘုရားရှင်နှင့် ကမ္မဝိပါကဇ | ၂၃ |
| ၁၀ | စုန္ဒ၏ ဝက်သားဆွမ်း | ၂၅ |
| ၁၁ | အကျိုးကြီးဆုံး ဆွမ်းနှစ်နပ် | ၂၆ |
| ၁၂ | ကောင်းမွန်ခြင်းနှင့် ထိုက်သင့်ခြင်း | ၂၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၃ | ထိုက်သင့်တဲ့ ဘောဇဉ်တော့ လိုအပ်တယ် | ၂၉ |
| ၁၄ | သလိပ်ကြောင့် ဖြစ်တဲ့ရောဂါ | ၃၁ |
| ၁၅ | သည်းခြေကြောင့် ဖြစ်တဲ့ရောဂါ | ၃၃ |
| ၁၆ | ရှင်မဟာကဿပ ဘာကြောင့်ရောဂါဖြစ် | ၃၃ |
| ၁၇ | သွေး၏ ခလုပ်သည် နှလုံး | ၃၄ |
| ၁၈ | ရေသန့်သည်လဲ အရေးပါ | ၃၆ |
| ၁၉ | လေသန့်ရေသန့်လိုအပ်သည် | ၃၈ |
| ၂၀ | ဥတုဖောက်ပြန်မှု၏ အကျိုးဆက် | ၄၀ |
| ၂၁ | ကွင်းဆက်သဖွယ် ကျိုးဆက်နွယ် | ၄၁ |
| ၂၂ | အစာအိမ်ရောဂါ၊ တိုက်ဖွိုက်ရောဂါ | ၄၂ |
| ၂၃ | ဘုရားရှင် ကြွမြန်းလာခြင်း | ၄၅ |
| ၂၄ | ဘုရားရှင် လူမမာမေးခြင်း | ၄၆ |
| ၂၅ | ရှင်မဟာကဿပ၏ အဖြေ | ၄၈ |
| ၂၆ | လူမမာမေးသူတို့ သတိပြုဖွယ် | ၄၉ |
| ၂၇ | ဘုရားရှင် ဆင်ခြင်တော်မူခြင်း | ၅၁ |
| ၂၈ | လေထုညစ်ညမ်းခြင်းကြောင့် | ၅၂ |
| ၂၉ | ထွက်လေဝင်လေနှင့်အတူ | ၅၃ |
| ၃၀ | ဘုရားရှင် တရားဟောတော်မူပြီ | ၅၆ |
| ၃၁ | ရောဂါပျောက်ရေး ဘုရားရှင်ရဲ့အမြိုက်ဆေး | ၅၈ |
| ၃၂ | စာလုံးပေါင်း မမှားကြနဲ့ | ၅၉ |
| ၃၃ | “သတိ”ဟူသည့်ဆေး | ၆၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃၄ | သတိကို ဘယ်အပေါ်မှာ ထားရမလဲ | ၆၁ |
| ၃၅ | ရဟန္တာများ ဗောဇ္ဈင်ပွားစရာလိုသေးသလား | ၆၃ |
| ၃၆ | စိစစ်တဲ့ပညာဟူသည့်ဆေး | ၆၅ |
| ၃၇ | အားထုတ်မှုဟူသည့်ဆေး | ၆၇ |
| ၃၈ | တည်ကြည်ငြိမ်သက်မှုဟူသည့်ဆေး | ၆၉ |
| ၃၉ | ဘယ်လိုတည်ကြည်ငြိမ်သက်ပုံမျိုးလဲ | ၇၁ |
| ၄၀ | ခက်လို့မလုပ်ယင် ဘယ်တော့မှမဖြစ် | ၇၄ |
| ၄၁ | တည်ငြိမ်အေးချမ်း ဆိတ်ငြိမ်ဂွမ်းဟူသည့်ဆေး | ၇၅ |
| ၄၂ | ဉာဏ်ယှဉ်တွဲတဲ့ ဥပေက္ခာဟူသည့်ဆေး | ၇၆ |
| ၄၃ | အစွန်းနှစ်ဖက်မှ လွတ်အောင် | ၇၉ |
| ၄၄ | နေသာထိုင်သာရှိသောဉာဏ် | ၈၂ |
| ၄၅ | ကိုယ်စိတ်နှစ်ဖြာအေးချမ်းဟူသည့်ဆေး | ၈၄ |
| ၄၆ | ဘုရားရှင်ရှဲဆေးစွမ်း | ၈၅ |
| ၄၇ | ကိလေသာပြုတ်သွားတဲ့အချိန် | ၈၈ |
| ၄၈ | ရှင်မဟာကဿပ ချမ်းသာရပုံ | ၉၃ |
| ၄၉ | ဘယ်အချိန်ရောဂါပျောက် | ၉၅ |
| ၅၀ | ရှင်မောဂ္ဂလ္လာန်နဲ့ဘုရားရှင်တို့ ထို့နည်းတူ | ၉၆ |
| ၅၁ | နည်းယူကြစေလို | ၉၇ |
| ၅၂ | ပရိတ်ကြီး(၁၁)သုတ်လာ ဗောဇ္ဈင်သုတ် | ၁၀၀ |
| ၅၃ | တရားသိမ်းနိဂုံးဂါထာ | ၁၀၈ |

# "အမြွတ်ဆုံးဒါန"

ဤ "ဗောဇ္ဈင်္ဂသုတ္တန်တရားတော်" စာအုပ်ကို ဓမ္မတေးဝိဇ္ဇာ မိသားစုအသံသွင်းဌာန၊ အမှတ် ၁၈၉၊ မောင်ထော်လေးလမ်း၊ ရန်ကုန်မြို့က မ,တည်ထားသော အလှူတော်ငွေဖြင့် စိုက်ထုတ်၍၊ စာအုပ်မှ ဖြစ်ပေါ်လာသော ဓမ္မပူဇာများကို "သီတာဂူ ရေအလှူတော်" ၌ ပါဝင်လှူဒါန်းမည် ဖြစ်ပါသည်။

## “ဗောဇ္ဈင်္ဂသုတ်” ဂိလာနသုတ္တန်

၁၃၄၀ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်နေ့ည၊ ရန်ကုန်အနောက်ပိုင်း၊ ၁၁-လမ်း၊ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့ ဝိုင်းဝန်း-စုဆောင်း၍ ဆင်ယင်အပ်သော မဏ္ဍပ်အတွင်း၌၊ ဟောကြားအပ်သည့် သံယုတ္တနိကာယ်၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်၌ လာသော “ဂိလာနသုတ္တန်တရားတော်။”

## ဂိလာနပုဂ္ဂိုလ် (၃) ပါးအကြောင်းပြုပြီး ဟောတဲ့သုတ္တန်

ထို ဂိလာနသုတ္တန်တရား ဖြစ်လာတဲ့အချိန်တုန်းက သဗ္ဗညုမြတ်စွာဘုရား ဘယ်မှာရှိတုန်းဆိုယင် ရာဇဂြိုဟ်ပြည်မှန် ဝေဠုဝန်ကျောင်း၌ သံဃာတော်များစွာ ခြံရံလျက် ကိန်းအောင်းမွေ့လျော် နေပျော်တော်မူခိုက်၊ အရှင်မဟာကဿပကိုယ်တော်ကြီး, ပိပ္ပလိလိုဏ်ဂူအတွင်း သီတင်းသုံးနေစဉ် အဖျားရောဂါနှိပ်စက်လို့ မကျန်းမမာဖြစ်ခဲ့တဲ့ ရှင်မဟာကဿပမထေရ်ကြီးအား အကြောင်းပြု၍လည်းကောင်း၊ ရာဇဂြိုဟ်မြို့ရဲ့အနီး ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံးနေတဲ့ ရှင်မဟာမောဂ္ဂလ္လာန်

ကိုယ်တော်မြတ် အပြင်းအထန် မကျန်းမမာဖြစ်သည်ကို အကြောင်းပြု၍လည်းကောင်း၊ သဗ္ဗညုမြတ်စွာဘုရား ဤ "ဂိလာနသုတ္တန်တရား"ကို ဟောကြားတော်မူခဲ့ပါတယ်။

ဒါကြောင့် ဒီကနေ့ ဂိလာနသုတ္တန်တရားနာမယ်လို့ အာရုံယူ၍ လာကြတဲ့ ဓမ္မပရိသတ် သူတော်စင်အပေါင်းတို့သည် ဒီ ဂိလာနသုတ္တန်ဟောကြားတော်မူနေတဲ့ သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပိပ္ဖလိလိုဏ်ဂူအတွင်းမှာ၊ ရှင်မဟာကဿပ ကိုယ်တော်ကြီး မကျန်းမမာဖြစ်နေတဲ့ အနီးအနားကနေ၍ ဒီ ဂိလာနသုတ္တန်တရားဟောကြားတော်မူတဲ့ပုံကိုလည်းကောင်း၊ ဂိဇ္ဈကုဋ်တောင်ထက်က မကျန်းမမာ ဖြစ်တော်မူတဲ့ ရှင်မဟာ မောဂ္ဂလ္လာန်ကိုယ်တော်ကြီး အနီးအနားကနေ ဒီသုတ္တန် ဟောကြားတော်မူတဲ့ ပုံကိုလည်းကောင်း၊ အာရုံရအောင် ယူကြပြီး တော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ရိုသေစွာ လက်အုပ်ချီ မိုး၍ ရှိခိုးကြရအောင်၊ အားလုံးပဲ လက်အုပ်ချီလိုက်ကြပါ။

ဒီ ဓမ္မာသနပလ္လင်ထက်ကနေ၍ သဗ္ဗညုဘုရားရှင်ကိုယ်တော် မြတ်ရဲ့ ကရုဏာ၊ ပညာ နှစ်မျိုးတို့ဖြင့် ချီးကျူးဖော်ရော်ပူဇော် အပ်တဲ့ နမက္ကာရကိုရှုတ်ဆိုကော်ရော်ပူဇော်ကန်တော့တဲ့အခါမှာ ဒို့ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့ကလဲပဲ ဤကဲ့သို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ကရုဏာ၊ ပညာ နှစ်မျိုးတို့ဖြင့် ချီးကျူးကော်ရော် ပူဇော်ကန်တော့ရတယ်လို့ အာရုံယူ၍ ကြည်ညိုသဒ္ဓါ ပွားများကြပါ။

## ဘုရားရှိခိုး

ကရုဏာသီတလဟဒယံ၊
ပညာပဇ္ဇောတ ဝိဟတ မောဟတမံ။
သ နရာမရ လောကဂရုံ၊
ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။
ဧတေန သစ္စဝဇ္ဇေန၊
သုခိတာ ဟောန္တု ပါဏိနော။

ကရုဏာသီတလဟဒယံ၊ မဟာကရုဏာတော်မြတ် အတွင်းမာတ်ဖြင့် လှုပ်လှုပ်ဖွေးလှ အေးမြစည်ပင် ကြည်လင်သော ရွှေစိတ်နှလုံးတော်လည်း ရှိတော်မူပေထသော။ ပညာပဇ္ဇောတ ဝိဟတမောဟတမံ၊ အရဟတ္တမဂ် ပညာတည်းဟူသော ဆီမီးရောင်ဖြင့် အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်တော်မူပြီးထသော။

သ နရာမရ လောကဂရုံ၊ လူနတ်ဗြဟ္မာသတ္တဝါအားလုံးတို့၏ ညွှတ်ရိုးဦးခိုက် အလေးအမြတ်ပြုထိုက်သော ဆရာတဆူဖြစ်တော်မူပေထသော။ ဂတိဝိမုတ္တံ၊ ဒေဝ,မနုဿ,နိရယနှင့် ပေတ, တိရစ္ဆာန် လားရန်အရှိ ၄ ါးတန်သောဂတိမှလည်း အထူးသဖြင့် ကင်းလွတ်တော်မူပြီးထသော။

သုဂတံ၊ စကားခြောက်ခွန်း လူ့ဌွန်းလည်း နှစ်ခွန်းကိုသာ ကျိုးရှိရာကို ကောင်းစွာမသွေ ဆိုတော်မူဘတ်ပေသော။ ဗုဒ္ဓံ၊ သစ္စာလေးပါး မြတ်တရားကို ပြတ်သားထင်ထင် သိမြင်ပေတတ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ အဟံ၊ ဘုရားတပည့်တော်သည်။ သာဒရံ၊ လေးမြတ်ကြည်ညို ရိုသေခြင်းရှိသည်ဖြစ်၍။ တီဟိ၊ လက်အုပ်အဉ္ဇလီ နှုတ်သံချီလျက် ကြည့်ရှုင်မနော သုံးပါးသော ပဏာမတို့ဖြင့်။ ဝန္ဒေ-ဝန္ဒာမိ၊ အများသူငါ ဘေးရန်ကွာ၍ ချမ်းသာစေကြောင်း ဆုမွန်တောင်းလျက် ဦးခေါင်းညွတ်ကျိုး လက်စုံမိုးကာ ရှိခိုးပါ၏ မြတ်စွာဘုရား။

ဧတေနသစ္စဝဇ္ဇေန၊ ဤသို့နှုတ်သံ ဖော်ထုတ်ပြန်၍ ဟုတ်မှန်သော ပဏာမသစ္စာစကားကို ပြောဆိုရလေသောကြောင့်။ ပါဏိနော၊ များလှသောင်းသောင်း သတ္တဝါအပေါင်းတို့သည်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

နိဒ္ဒုက္ခာ စ၊ ဆင်းရဲခပ်သိမ်းမှလည်း ကင်းငြိမ်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ နိဗ္ဘယာ စ၊ ဘေးရန်ခပ်သိမ်းမှလည်း ကင်းငြိမ်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ အသောကာ စ၊ မညှိုးမမှိန် တန်ခိုးရှိန်လျက် စိုးရိမ်မနှောင့် ကြောင့်ကြပူဆွေး ငိုကြွေးခြင်းမှလည်း ကင်းဝေးကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဟောန္တု၊ ယခုဆိုအပ်သော သစ္စာစကားနှင့် ပို့လွှတ်အပ်သော မေတ္တာဓာတ် အရှိန်အဝါကြောင့် အချိန်မကြာ ကိုယ်စီကိုယ်ငှ ဖြစ်တော်မူကြပါစေကုန်သတည်း။ [သာဓု....သာဓု....သာဓုပါဘုရား။]

# ဂိလာနသုတ္တန် (၃) ခု

"ဒီကနေ့ ဟောမယ့်တရားသည် "ဂိလာနသုတ္တန်" တဲ့။ ဒို တရားနာပရိသတ်....ဘာသုတ္တန်တဲ့။"

"ဂိလာနသုတ္တန်ပါ ဘုရား။"

"ဂိလာနသုတ္တန်။"

သံယုတ္တနိကာယ်၊ မဟာဝဂ္ဂသံယုတ်လာ ဂိလာနသုတ္တန်သည် သုံးခုရှိတယ်။ ပထမ ဂိလာနသုတ္တန်၊ ဒုတိယ ဂိလာနသုတ္တန်၊ တတိယ ဂိလာနသုတ္တန်ရယ်လို့ မဟာဝဂ္ဂသံယုတ်ပါဠိတော် ဗောဇ္ဈင်္ဂသံယုတ်မှာ ထိုသုတ္တန်သုံးခုဟာ တဆက်ထဲဖော်ပြထားတယ်။ ထိုတဆက်ထဲဖော်ပြထားတဲ့ ဂိလာနသုတ္တန်တွေကိုကြည့်လိုက်ယင်၊ဂိလာနဖြစ်တဲ့ ပုဂ္ဂိုလ်များကသာလျှင် တယောက်ချင်း တယောက်ချင်း ကွဲရှကွဲရှသွားပါတယ်။ ဟောတဲ့ အကြောင်းအရာများကတော့ တမျိုးထဲ ဖြစ်တယ်။

ပထမ ဂိလာနသုတ္တန်မှာ ရှင်မဟာကဿပ၊ ဒုတိယ ဂိလာနသုတ္တန်မှာ ရှင်မောဂ္ဂလ္လာန်၊ တတိယ ဂိလာနသုတ္တန်မှာ ဘုရားရှင်ကိုယ်တော်မြတ် ကိုယ်တော်တိုင် ဂိလာန ဖြစ်တော်မူတယ်။ ရှင်မဟာကဿပ,ရှင်မောဂ္ဂလ္လာန်နဲ့ မြတ်စွာဘုရားတို့ မကျန်းမမာ

ဂိလာနဖြစ်လို့ ညောင်စောင်းမှာ လဲလျောင်းလို့ ပင်ပန်းတော်မူ တဲ့အချိန်။ ပင်ပန်းရတယ်ဆိုတာ ရူပကာယအနေနဲ့ ပင်ပန်းတာ ကို ပြောပါတယ်။ အဲဒီလို ပင်ပန်းတော်မူခဲ့တဲ့အချိန်၊ ဤသုတ္တန် တရားများ နာကြားကြရသဖြင့် ရောဂါပျောက်ကြောင်းကို ဖော်ပြတဲ့ သုတ္တန်ကို ဒီ ဂိလာနသုတ္တန်တရားလို့ ဆိုပါတယ်။

ဒါကြောင့် ပထမ ဂိလာနသုတ္တန်ကို တည်လိုက်ပြီး၊ ဒုတိယ, တတိယသုတ္တန်ကို ဒီထဲ ထည့်သွင်းဟောလိုက်ယင် အကုန်လုံး ဒီထဲ ပါသွားမယ်။

ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ၊
ဝေဠုဝနေ ကလန္ဒက နိဝါပေ။

ဧကံ သမယံ၊ အခါတပါး၌။ ဘဂဝါ၊ ဘုန်းတော် ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင်သည်။ ရာဇဂဟေ၊ တောင် ငါးလုံးကာခိုတဲ့ ရာဇဂြိုဟ်ဆိုတဲ့ ရွှေမြို့တော်အနီး၌။ ကလန္ဒက နိဝါပေ၊ ရှဉ့်နက်အပေါင်းတို့ကို ဘေးမဲ့ပေးပြီးတော့ အစာ ကျွေးရာဖြစ်ပေသော။ ဝေဠုဝနေ၊ ဝါးတောပတ်ရံ ဝေဠုဝန် ခေါ်တဲ့ ကျောင်းအရာမ်၌။ မဟတ္တာ၊ ဂုဏ်အားဖြင့်မြတ်သော၊ ဝါ၊ အရေအတွက်အားဖြင့်လဲ များပြားလှစွာသော။ ဘိက္ခု သံဃေန၊ ရဟန်းသံဃာတော်အပေါင်းတို့နှင့်။ သဒ္ဓိံ၊ အတူ တကွ။ ဝိဟရတိ၊ဣရိယာပထ မျှတရှင်ပြုံးစွာ သီတင်းသုံးနေ တော်မူခဲ့ပါသတည်း။

"သာဓု....သာဓု....သာဓုပါဘုရား။"

ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညု ဘုရားရှင်ကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည်မှန် ဝေဠုဝန်မင်းကျောင်းမှာ ကိန်းအောင်းမွေ့လျော် နေပျော်တော်မူခဲ့တဲ့အချိန်....။

တေန ခေါ ပန သမယေန၊ အာယသ္မာ မဟာကဿပေါ၊ ပိပ္ဖလိဂုဟာယံ ဝိဟရတိ။

တေန ခေါ ပန သမယေန၊ ထိုကဲ့သို့ ဘုရားရှင်ကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည်မှန် ဝေဠုဝန်မင်းကျောင်း ကိန်းအောင်းမွေ့လျော် နေပျော်တော်မူခဲ့တဲ့ အချိန်၌။ အာယသ္မာ မဟာကဿပေါ၊ ရှင်မဟာကဿပကိုယ်တော်မြတ်ကြီးသည်။ ပိပ္ဖလိဂုဟာယံ၊ ပိပ္ဖလိလိုဏ်ဂူ၌။ ဝိဟရတိ၊ နေ၏။

ရာဇဂြိုဟ်မြို့ရဲ့အနီး တောင်စောင်းမှာရှိနေတဲ့ ပိပ္ဖလိလိုဏ်ခေါင်းမှာ ရှင်မဟာကဿပကိုယ်တော်မြတ် ကိန်းအောင်းပြီးတော့ နေခဲ့တဲ့အချိန်....ဘာဖြစ်တုန်းဆိုတော့....။

## ရှင်မဟာကဿပနှင့် ကာယိကဒုက္ခ

တေန ခေါ ပန သမယေန အာယသ္မာ မဟာကဿပေါ၊ ပိပ္ဖလိဂုဟာယံ ဝိဟရတိ အာဗာဓိကော ဒုက္ခိတော ဗာဠှဂိလာနော။

တေန ခေါ ပန သမယေန၊ ထိုကဲ့သို့ ဘုရားရှင်ကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည်မှန် ဝေဠုဝန်မင်းကျောင်း ကိန်းအောင်းမွေ့လျော် နေပျော်တော်မူခဲ့တဲ့အချိန်၌။ အာယသ္မာ မဟာကဿပေါ၊ ရှင်မဟာကဿပကိုယ်တော်ကြီးသည်။ ပိပ္ဖလိဂုဟာယံ၊ ပိပ္ဖလိလိုဏ်ဂူ၌။ ဝိဟရန္တော၊ နေစဉ်။ အာဗာဓိကော၊ အနာရောဂါ

နှိပ်စက်လာသည်။ ဟောတိ၊ ဖြစ်၏။ ဗာဠ္ဟဂိလာနော၊ ပြင်းပြင်းထန်ထန် မကျန်းမမာဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ ဒုက္ခိတော၊ ကိုယ်၌ဆင်းရဲတဲ့ ကာယိကဒုက္ခသည်။ ဟောတိ ဖြစ်၏။

စေတသိကဒုက္ခလို့ ရဟန္တာများမှာ မရှိတော့၊ ဒုက္ခိတော သိုတဲ့ အပိုဒ်ကို ကာယိကဒုက္ခအနေနဲ့ ယူရမယ်။ ဒါကြောင့်....

အာဗာဓိကော၊ အနာရောဂါနှိပ်စက်ခြင်းသည်။ ဒုက္ခိတော၊ ကာယိကဒုက္ခဖြစ်၍နေသည်။ ဗာဠ္ဟဂိလာနော၊ ပြင်းပြင်းထန်ထန် မကျန်းမမာဖြစ်၍နေသည်။ ဟောတိ၊ ဖြစ်လေတော့၏။

ရှင်မဟာကဿပကိုယ်တော် ပိပ္ဖလိလိုဏ်ဂူထဲမှာ အောင်းပြီး တော့နေတဲ့အချိန်၊ ရောဂါဝေဒနာ အပြင်းအထန် ဖြစ်လာတယ်၊ ကာယိကဒုက္ခ အပြင်းအထန် ကပ်ရောက်လာတယ်။

## ရောဂါနှင့် ရုပ်

အာဗာဓ-အနာရောဂါ၊ဗာဠ္ဟဂိလာန-အဲဒီအနာဟာပြင်းထန်တဲ့ ရောဂါတဲ့။ ရောဂါဆိုတာဟာ ဘုန်းကြီးတို့ ပရိသတ်အနေနဲ့ တရားတပွဲမှာ၊ ဘုန်းကြီး တော်တော်ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြီး တော့ ပြောခဲ့တယ်။

"ရုပ်လား ဝေဒနာလားလို့မေးယင် ဒို့ပရိသတ် ဘယ့်နှယ် ဖြေမလဲ။"

"ရုပ်တရားပါဘုရား။"

"ရောဂါကို ဝေဒနာလို့ ဖြေတဲ့ပုဂ္ဂိုလ်တွေလဲ တော်တော် များတယ်။"

"မှန်ပါဘုရား။"

ဒီတော့....သံယုတ္တနိကာယ်မှာ ရဟန်းတပါးက ဘုရားကို အမေးထုတ်တဲ့ နေရာမှာ....

ရောဂေါ ရောဂေါတိ ဘန္တေ ဝုစ္စတိ၊

ကတမော နု ခေါ ဘန္တေ ရောဂေါတိ ဝုစ္စတိ။

ဒီ ပါဠိတော် ရှိတယ်။

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ရောဂေါ ရောဂေါတိ၊ ရောဂါ ရောဂါလို့။ ဝုစ္စတိ၊ လောကမှာ ပြောကြပါတယ်ဘုရား။ ကတမော၊ အဘယ်တရားကို။ ရောဂေါတိ၊ ရောဂါဟူ၍။ ဝုစ္စတိ၊ ဆိုရပါသလဲ မြတ်စွာဘုရား။

ရဟန်းတပါးက ရောဂါဆိုတာ ဘာမှန်းမသိလို့။ တနည်း သိယင်လဲပဲ၊ ဘုရားရှင်ကိုယ်တော်မြတ်မိန့်ကြားချက်ကို နာကြားချင်လို့ "ရောဂါ, ရောဂါလို့ လောကလူတွေ ပြောနေကြပါတယ်။ အဲဒီ ရော● ါဆိုတာ ဘာပါလဲမြတ်စွာဘုရား" တဲ့။

ဒီလို အမေးထုတ်တော့ မြတ်စွာဘုရားဖြေလိုက်ပုံက....

ရောဂေါတိ ခေါ ဘိက္ခု ရူပါနမေတံ အဓိဝစနံ။

ဘိက္ခု၊ ချစ်သားရဟန်း။ ရောဂေါတိ ဧတံအဓိဝစနံ၊ ရောဂါဖြစ်တယ်, ရောဂါဖြစ်တယ်ဆိုတဲ့ စကားသည်။ ရူပါနံ၊ ရုပ်တရားတို့ရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။

ရောဂါဆိုတာ ရုပ်တရားကို ခေါ်တယ်၊ အမေးနဲ့အဖြေ ကပ်လိုက်။

ရောဂါဆိုတာ ဘာပါလဲ မြတ်စွာဘုရား။ မြတ်စွာဘုရား ဖြေတော်မူတာက ရောဂါဆိုတာ ရုပ်တရား။ အဲဒီ ပါဠိတော် စွဲအောင် မှတ်လိုက်။

"ရောဂါဆိုတာ ဝေဒနာလား၊ ရုပ်လား။"

"ရုပ်တရားပါ ဘုရား။"

"ဒေါ့း....ရောဂါဆိုတာ ရုပ်တရားကို ခေါ်တယ်။ ရုပ်တရား ဖောက်ပြန်ယင် ရောဂါဖြစ်တယ်လို့ ဒီလိုမှတ်။"

"မှန်ပါ ဘုရား။"

ရုပ်တရားကလဲ ဘာကြောင့် ရုပ်လို့ ခေါ်ရတာလဲ ဆိုလို့ ရှိယင်။

"ရုပ္ပတီတိ ရူပံ"တဲ့။

ရုပ္ပတီတိ၊ ဖောက်ပြန်တတ်ပါတယ်ဆိုတဲ့အကြောင်းကြောင့်။ ရူပံ၊ ရုပ်ခေါ်တယ်။

## ရုပ်နှင့် ဝေဒနာ

ရောဂါဆိုတာ ရုပ်။ အဲဒီရုပ်ကို ဘာကြောင့် ရောဂါခေါ် ရသလဲ ဆိုတော့၊ ဖောက်ပြန်တတ်သောကြောင့် ရောဂါ။

"ရောဂါဆိုတာ ဒို့ပရိသတ် ဘာတရားလဲ။"

"ရုပ်တရားပါ ဘုရား။"

"အဲဒီ ရုပ်ကို ဘာကြောင့်ရောဂါ ခေါ်သလဲ။"

"ဖောက်ပြန်တတ်လို့ ရောဂါလို့ ခေါ်တာပါ ဘုရား။"

'ဖောက်ပြန်ယင် နှိပ်စက်သလား၊ မနှိပ်စက်ဘူးလား။"

"နှိပ်စက်ပါတယ်ဘုရား။"

"ပီဠနဒုက္ခနော်....ဘာဒုက္ခတဲ့။"

"ပီဠနဒုက္ခပါဘုရား။"

နှိပ်စက်တဲ့, ဆင်းရဲတဲ့ ဒဏ်ကြီးကို ခံရတယ်။ အဲဒီတော့မှ ဝေဒနာ ကူးသွားတယ်။

ရောဂါဆိုတာ ရုပ်တရား။ ရုပ်တရားဖောက်ပြန်ယင် ရောဂါ ဖြစ်တယ်။ ဖောက်ပြန်တဲ့သဘောမှန်ယင် အမြဲတမ်း နှိပ်စက်ပါ တယ်။ စာလိုပြောတော့ ဒါကို ပီဠနဒုက္ခ။

"ဘာဒုက္ခ။"

"ပီဠနဒုက္ခပါ ဘုရား။"

"အဲဒီလို ပီဠနဒုက္ခကို ခံရတယ်ဆိုတာက ဝေဒနာ ဟုတ် လား။"

"မှန်ပါဘုရား။"

ပီဠန=နှိပ်စက်နေတဲ့ သဘောကို ခံစားရတယ် ဆိုတာက ဝေဒနာ။ နှိပ်စက်နေတာက ရုပ်တရား။ ခံစားနေတာက ဝေဒနာ။

"တရားနှစ်လုံး မနေဘူးလား။"

"နှစ်လုံးနေပါတယ်ဘုရား။"

## ဝေဒနာသုံးပါး

အရှင်မဟာကဿပကြီး ပိပ္ပလိလိုဏ်ဂူအတွင်း ရောဂါဖြစ် လိုက်တာတဲ့။ အာဗာဓိက,အနာရောဂါဖြစ်သတဲ့၊ ဒုက္ခိတော- ဆင်းရဲရှာသတဲ့။ ဗာဠှဂိလာနော-အဲဒီဆင်းရဲဟာ မသက်သာ ဘူး၊ ပြင်းထန်တဲ့ ကာယိကဒုက္ခ။ ဘုန်းကြီးတို့ ပရိသတ်များ ရှင်မဟာကဿပသည် ထို ဒုက္ခရဲ့ဒဏ်ချက်ကို ခံစားတဲ့အခါကျ တော့ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာရယ်လို့

ဝေဒနာသုံးမျိုးရှိရာတွင်၊ ရှင်မဟာကဿပ မထေရ်မြတ်သည် ထိုဝေဒနာကို ခံစားတဲ့အချိန်အခါမှာ၊ ဘုန်းကြီးတို့ပရိသတ် အာရုံယူပြီး ကြည့်လိုက်စမ်း။

"သုခဝေဒနာအနေနဲ့တော့ လုံးလုံးမရှိကြောင်း ထင်ရှားတယ်နော်။"

"မရှိပါဘုရား။"

သုခဝေဒနာအနေနဲ့တော့ လုံးလုံးမရှိဘူး။ သုခဝေဒနာအနေနဲ့ လုံးလုံးမရှိတော့ ထို ဒုက္ခကြီးကိုခံနေရတဲ့ ရှင်မဟာကဿပဟာ ဒုက္ခဝေဒနာအနေနဲ့ ခံစားမလား၊ သို့မဟုတ်ယင် ဥပေက္ခာဝေဒနာအနေနဲ့ ခံစားမလား။ ကြည့်ကြရမယ်။

"မှန်ပါဘုရား။"

"စိတ်ထဲမှာ ထိုရောဂါကြောင့် ဆင်းရဲတယ်ဆိုတာ ရှိကို မရှိဘူး။"

"မှန်ပါဘုရား။"

"ဒီ ရောဂါဝေဒနာသက်သာလို့ ချမ်းသာလှချည်ရဲ့၊ ကျေနပ်လှချည်ရဲ့လို့ ဒီလိုလဲပဲမရှိဘူး။"

"မှန်ပါဘုရား။"

"ဒီတော့ ပြန်ပြီးတော့ စကားတမျိုးနဲ့ပြောယင် ရှင်မဟာကဿပရဲ့ဒုက္ခဟာ ကာယိကဒုက္ခလား၊ စေတသိက ဒုက္ခလားလို့ ဆိုယင်....။"

"ကာယိကဒုက္ခပါဘုရား။"

ဒါကြောင့်....

အာယသ္မာမဟာကဿပေါ၊ ရှင်မဟာကဿပ ကိုယ်တော်ကြီးသည်။ အာဗာဓိကော၊ အနာရောဂါနှိပ်စက်သည်။ ဗာဠှဂိလာနော၊ ပြင်းပြင်းထန်ထန် မကျန်းမမာဖြစ်သည်။ ဒုက္ခိတော၊ ကိုယ်ကာယဆင်းရဲနေသည်။ ဟောတိ၊ ဖြစ်၏။

## ရောဂါဖြစ်ကြောင်း (၆)ရပ်

ရောဂေါတိ ခေါ ဘိက္ခု ရူပါနမေတံ အဓိဝစနံ။

ဘိက္ခု၊ ချစ်သားရဟန်း။ ရောဂေါတိတေံအဓိဝစနံ၊ ရောဂါဖြစ်တယ်ဆိုတဲ့ ဤစကားသည်။ ရူပါနံ၊ ရုပ်တရားတို့ရဲ့။ အဓိဝစနံ၊ အမည်ပါပေတည်း။

"ရောဂါဆိုတာ ရုပ်တရား ခေါ်တယ်ဆိုတဲ့ အကြောင်းကြောင့် ရှင်မဟာကဿပမထေရ်မြတ်ကြီးရဲ့ ခန္ဓာ ကြည့်လိုက်မယ်ဆိုယင်၊ ဒီရောဂါ ဘယ်ရုပ်ကြောင့် ဖြစ်တာလဲဆိုတာ ကြည့်ရအောင် ဟုတ်လား။"

"မှန်ပါ ဘုရား။"

ဒို့တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ ရောဂါဖြစ်တယ်ဆိုယင် ရောဂါဖြစ်ခြင်းရဲ့ အကြောင်းတွေကို ပြတဲ့နေရာမှာ သံယုတ္တနိကာယ်မှာလဲ ပြတယ်၊ မိလိန္ဒပဉှာပါဠိတော်ကြီးမှာလဲ ပြတယ်။

(၁) သေမှသမုဋ္ဌာန- သလိပ်ကြောင့်ဖြစ်တဲ့ရောဂါ။
(၂) ပိတ္တသမုဋ္ဌာန -သည်းခြေကြောင့်ဖြစ်တဲ့ရောဂါ။
(၃) ဧါတသမုဋ္ဌာန လေကြောင့်ဖြစ်တဲ့ရောဂါ။

(၄) ဥတုသမုဋ္ဌာန - အချမ်း အပူဆိုတဲ့ ဥတုကြောင့် ဖြစ်တဲ့ရောဂါ။
(၅) ဝိသမပရိဟာရဇ - မညီညွတ်တဲ့ အစားအစာကို စားမိလို့ ဖြစ်တဲ့ရောဂါ။

"ဟုတ်လား။"

"မှန်ပါ ဘုရား။"

(၆) ကမ္မဝိပါကဇ - ကံရဲ့ အကျိုးအကြွင်းလေးအနေနဲ့ ဖြစ်ပေါ်လာတဲ့ရောဂါ။

ရောဂါဖြစ်ခြင်းရဲ့ အကြောင်းတွေ။

သေမှသမုဋ္ဌာန-သလိပ်ပျက်တဲ့အခါလဲ ရောဂါ ဖြစ်တယ်၊ ပိတ္တသမုဋ္ဌာန-သည်းခြေပျက်တဲ့အခါမှာလဲ ရောဂါဖြစ်တယ်။ ဝါတသမုဋ္ဌာန-လေဖောက်ပြန်တဲ့အခါမှာလဲ ရောဂါဖြစ်တယ်။ ဥတုသမုဋ္ဌာန-အဲဒီလေကိုချန်ထား၊ အချမ်းအပူဆိုတဲ့ ဥတုဖောက်ပြန်တဲ့အခါမှာလဲပဲ ရောဂါဖြစ်တယ်။"

"ဟုတ်လား။"

"မှန်ပါ ဘုရား။"

ဝိသမပရိဟာရဇ-တဲ့၊ သည်းခြေတို့ သလိပ်တို့ လေတို့ ဥတုတို့ကော့ မဖောက်ပြန်ပါဘူး၊ မိမိရဲ့ခန္ဓာကိုယ် ဓာတ်အနေအထားတည်ဆောက်ပုံစံနဲ့ မသင့်တဲ့အစားအစာကို စားလိုက်လို့လဲ အစားအစာက ဖောက်ပြန်သောကြောင့်လဲပဲ ရောဂါဖြစ်တယ်။

"မှန်ပါ ဘုရား။"

"ဘယ်နှစ်မျိုးရ။"

"ငါးမျိုးပါ ဘုရား။"

သလိပ်ကြောင့် ရောဂါတမျိုး၊ သည်းခြေကြောင့် ရောဂါတမျိုး၊ လေကြောင့် ရောဂါတမျိုး၊ ဥတုကြောင့် ရောဂါတမျိုး၊ အစားအစာကြောင့် ရောဂါတမျိုး၊ ငါးမျိုး။ နောက်ထပ်တမျိုးထည့်လိုက်ယင် ကမ္မဝိပါကဇ- ကံ အကြွင်းအကျန်လေးတွေကြောင့် ဖြစ်ပေါ်လာတဲ့ ရောဂါတမျိုးတဲ့။

''ခြောက်မျိုးနော်။''

''မှန်ပါ ဘုရား။''

''အေး....လျှောက်ပြီးတော့ ပြောမယ်ဆိုယင် ဆေးကျမ်းနဲ့ ညှိပြောယင် လာလိမ့်အုံးမယ်။ ထား။ ဒါလောက်ဆိုတော်ပါပြီ။

## ဘုရားရှင်နှင့် ကမ္မဝိပါကဇ

''ဘုရားရှင်ကိုယ်တော်မြတ် ဝမ်းတော်လားတဲ့ ရောဂါ၊ ခေါင်းကိုက်တဲ့ ရောဂါ၊ ဘုရားမှာ မဖြစ်ဘူးလား။''

''ဖြစ်ပါတယ် ဘုရား။''

''ဘုရားခေါင်းကိုက်ရောဂါ ဘာကြောင့်စွဲ။''

''ဝိပါက်တော်ကြောင့်ပါ ဘုရား။''

''အေး....ကမ္မဝိပါကဇ။ အခုနကအကြောင်း ခြောက်ပါးထဲမှာလေ။''

''မှန်ပါ ဘုရား။''

ကမ္မဝိပါကဇ- ကံအကြွင်းအကျန်လေးတွေကြောင့် ဖြစ်လာတဲ့ ရောဂါသည် ခေါင်းကိုက်တယ်တဲ့။

တံငါတို့အား၊ ငါး၏ဦးခေါင်း၊ ရိုက်တုံးသျှောင်း၊ အလောင်းဖြစ်သောခါ။

တံငါသည်ဘဝ၊ တံငါရွာသွားပြီးတော့ အလောင်းတော်ကြီးဖြစ်စဉ် တံငါသည်တွေ ငါးရဲ့ဦးခေါင်းရိုက်နေတာကြည့်ယင်း ငါလေးတွေက ထိုးလိုထန့်လန့်နဲ့နေတာတွေတော့ ကလေးတို့ဘဝ စိတ်ထဲမှာ တယ်ကြည်နူးသကိုးဗျ့။

အဲဒီလို တံငါသည်တွေ ငါးတွေရဲ့ဦးခေါင်းထုနေတာကြည့်ပြီးတော့ ငါးလေးတွေ ထိုးထိုးထန့်ထန့်နေတာကြည့်ပြီး စိတ်ထဲပျော်မိတဲ့ ကလေးရဲ့ဘဝ။ သူတပါးလုပ်နေတဲ့ အကုသိုလ်ဝင်ပြီးတော့ ယူလိုက်သလို ဖြစ်တယ်တဲ့။

"မှန်ပါဘုရား။"

အဲဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ် ခေါင်းကိုက်ရောဂါစွဲတယ်လို့ ဗုဒ္ဓပိဋကတ်က အပါဒါန်မှာ ဟောထားတယ်နော်။

"မှန်ပါ ဘုရား။"

ဝမ်းတော်လားတဲ့ ရောဂါဖြစ်တယ်ဆိုတာလဲ။

"ဆေးသမားဘဝ၊ ဖြစ်တုန်းက၊ ကုထသဌေးမှာ။"

"ဆေးမပေး၊ထိုသဌေး၊ ကြမ်းဆေးတိုက်သောဒါ။"

ဘုန်းကြီးတို့ ငယ်ငယ်တုန်းက ကျက်ရတယ်။ ဆေးဆရာဖြစ်စဉ်တုန်း ဆေးကု။ ဘယ်သွားကုတုန်း ဆိုတော့ သဌေးအိမ်သွားကုတာ၊ ထိုသဌေးက ကပ်စေးနှဲသဌေးဆိုတော့ သဌေးကတော်ရောဂါလဲ ပျောက်ရော၊ ဆေးဖိုးမပေးဘူး။ ဆစ်လိုက်တဲ့ဖြစ်ခြင်း။ ဆေးဖိုးက တဆယ်ဆိုတော့ ဆရာရယ် နှစ်ကျပ်ဆိုတော်ရောပေါ့၊ ကပ်သီးကပ်သတ် ဆစ်တယ်။

အဲဒီ ဆရာက မကျေနပ်ဘူး။ ခင်ဗျား လူနာ ရောဂါ မပျောက်သေးဘူး၊ နောက်ထပ် ဆေးထိုးအုံးမှဆိုပြီး ထိုးချ လိုက်တာ ဝမ်းလျှောတဲ့ဆေးတွေ ထိုးထည့်ပစ်ခဲ့တာ။ ဘုရား အလောင်း ဆေးဆရာ ပြောပါတယ်။ ဒို့ ဒေါက်တာတင်ရွှေတို့ မပြောပါဘူး ဟုတ်လား။ အဲဒီလို ထိုးချလိုက်တော့ ဘာပြော ကောင်းမလဲ၊ ထို သင်္ဘေးကတော်ကြီး ဝမ်းလျှောရောတဲ့။

ဒါကြောင့်မို့ ဘုန်းတော်ခြောက်ပါးသခင် ဒို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးလဲ နောက်ဆုံးဘဝ ပရိနိဗ္ဗာန်စံခါနီးတော့ ဝမ်းတော်လားတယ်ဆိုတာ အဲဒီ ဝဋ်ကြွေးလိုက်ပြီးတော့လာခဲ့ တဲ့အကြွင်းအကျန်။ ဒါကြောင့် ကမ္မဝိပါကဇဆိုတာ ဒါမျိုးကို ပြောတယ်။

## စုန္ဒ၏ ဝက်သားဆွမ်း

ဘုရား အစားမှားလို့ ဝမ်းလျှောတယ်ဆိုတဲ့ လူတယောက် ကလဲ လာသေးတယ်။ " ဘုရား အစားမှားသွားတာ " တဲ့။ " ဘယ့်နှယ် အစားမှားသွားသတုန်း ဒကာကြီး ပြောစမ်းပါ အုံး" ဆိုတော့၊ "ရာသီက ပူပြင်းတယ်ဘုရား" တဲ့။ "ကဆုန်လ ရာသီကြီး နေ့မအားညမအား တရားတွေကလဲ ဟောရတယ် ဘုရား၊ အသက်ကလဲ ရှစ်ဆယ်ကျော်ပြီ၊ ခရီးကလဲ အဝေး ကြီးက ခရီးလျှောက်လာတာ။ ပါဝါရောက်တော့ စုန္ဒက ဝက်သားနဲ့ ဆွမ်းချက်ကပ်၊ အဲဒါ သွားစားတာ အစားမှား တာ" တဲ့။ ဟုတ်လား။

အစား မမှားဘူး.... ဘုန်းကြီးတို့ပရိသတ်များ၊ သေသေ ချာချာ ချိန်ပြီးတော့ ဘုရားက ဘုဉ်းပေးတာ။ အဲဒီဝက်သား

ဆွမ်းဘုဉ်းပေးရလို့ ဘုရားလမ်းလျှောက်နိုင်တာ။ ပါဝါကနေ ကုသိနာရုံအရောက်။

"မှန်ပါဘုရား။"

"ဒီ ဝက်သားဟင်းသာ ဘုရား မဘုဉ်းပေးရယင် ဘုရား ပါဝါနဲ့ ကုသိနာရုံ သွားနိုင်မှာတောင် မဟုတ်ဘူး။"

"မှန်ပါဘုရား။"

"အစားမမှားဘူး....ဘုန်းကြီးတို့ပရိသတ်များ။ အစားမှား တယ်လို့ ယူယင်တော့ ပြီးပါရော စုန္ဒရွှေပန်းထိမ်သယ်ရဲ့ ဆွမ်း ဟာ ဘာကုသိုလ်မှမရ၊ အလကား အချည်းနှီး ဖြစ်တော့မယ် မဟုတ်လား။"

"မှန်ပါဘုရား။"

ဘုရားက ပရိနိဗ္ဗာန်စံခါနီး အဲဒီလို စွဲချက်လာမှာစိုးလို့ အာနန္ဒာကို သေသေချာချာ မှာပစ်ခဲ့တယ်။

"ချစ်သားအာနန္ဒာ၊ စုန္ဒရွှေပန်းထိမ်သည် စိတ်မချမ်းသာ အောင် စွပ်စွဲချက်တွေ လာလိမ့်မယ်။ စုန္ဒရဲ့ ဆွမ်းစားပြီးမှ ဘုရား ပရိနိဗ္ဗာန်စံရတယ်လို့ ပြောတော့မယ်။ အဲဒါကြောင့် ငါဘုရားမှာခဲ့မယ်၊ ဖြေရှင်းရစ် ချစ်သားအာနန္ဒာ။"

## အကျိုးကြီးဆုံး ဆွမ်းနှစ်နပ်

"ဒွေ မေ ပိဏ္ဍပါတာ သမသမာဖလာ သမဝိပါကာ။"

ဆွမ်းနှစ်နပ်။ ငါဘုရားရဲ့သာသနာမှာ အကျိုးအကြီးဆုံး သော ဆွမ်းနှစ်နပ်ရှိတယ်။ ထိုဆွမ်းနှစ်နပ်ရဲ့ အကျိုးသွားတွေ ကလဲ တယ်ပြီးတော့ တူတယ်။

''ပထမဆွမ်းဘနပ်က သုဇာတာ သဌေးကတော်ကလေး ကပ်တဲ့ ဆွမ်း။ အဲဒီ ဆွမ်းစားပြီးတော့ ဘုရား ကိလေသာ ပရိနိဗ္ဗာန် စံခဲ့တယ် မဟုတ်လား။''

''မှန်ပါဘုရား။''

ကိလေသာတွေငြိမ်းတဲ့ ဘုရားဘဝရောက်တာဟာ သဌေး ကတော်ကလေးသုဇာတာရဲ့ နို့ဆွမ်းစားပြီးမှ ဘုရားဖြစ်တာ။

''မှန်ပါဘုရား။''

အဲဒီ နို့ဆွမ်းတွေထဲမှာလဲ နတ်သုဒ္ဓါတွေပါတယ်။

နောက်ပြီးတော့ ခန္ဓပရိနိဗ္ဗာန်စံခါနီး စားသွားတဲ့ဆွမ်းက တော့ စုန္ဒရဲ့ ဝက်သားဆွမ်း။ အဲဒီထဲမှာလဲ နတ်သုဒ္ဓါတွေ ပါတယ်။

''မှန်ပါဘုရား။''

ဒါကြောင့် အကောင်းဆုံးဆွမ်း နှစ်နပ်စားရတဲ့ မြတ်စွာ ဘုရားသည် ပထမနို့ဆွမ်းဘုဉ်းပေးစဉ်က ကိလေသ ပရိနိဗ္ဗာန် စံခဲ့တယ်။ ဒုတိယဝက်သားဆွမ်း ဘုဉ်းပေးတဲ့အခါ ခန္ဓ ပရိ နိဗ္ဗာန်စံခဲ့တယ်။ ထို ပရိနိဗ္ဗာန်နှစ်ခုကို ကျေးဇူးပြုတဲ့ဆွမ်းတွေမို့ သာသနာမှာ အကျိုးကြီးဆုံး ဆွမ်းတွေလို့ ဘုရားက ချီးကျူး ပြီးတော့ အနုမောဒနာပေးထားခဲ့တယ်။

''အကျိုးကြီးဆုံးဆွမ်းနှစ်နပ်လို့ ဘုရားက ချီးကျူးပြီးတော့ အနုမောဒနာပေးထားခဲ့တယ်။''

''မှန်ပါဘုရား။''

''အဲဒါကို ဘုန်းကြီးတို့ပရိသတ်က အဓိပ္ပါယ်တမျိုးကောက် ပြီးတော့ စုန္ဒတော့ အပြစ်ဖြစ်ပြီလို့ မပြောနဲ့နော်။''

''မှန်ပါဘုရား။''

ဒါကြောင့်-

''ဒွေ မေ ပိဏ္ဍပါတာ သမသမာဖလာ သမဝိပါကာ။''

ဒွေပိဏ္ဍပါတာ၊ နှစ်ခုသောဆွမ်းတို့သည်။ သုဇာတာရဲ့ဆွမ်းနဲ့ စုန္ဒရဲ့ဆွမ်းလို့ခေါ်တဲ့ နှစ်ခုသော ဆွမ်းတို့သည်။ သမသမာဖလာ၊ တူသောအကျိုး ရှိကြကုန်၏။ သမဝိပါကာ၊ တူသော အကျိုးဝိပါက် ရှိကြကုန်၏။

အဲဒီ ဆွမ်းနှစ်နှပ်အကျိုးကြီးကြောင်း ဘုရားရှင် မိန့်တော်မူခဲ့ပါတယ်။

## ကောင်းမွန်ခြင်းနှင့် ထိုက်သင့်ခြင်း

ဒီ နေရာ ဆရာတော်ကြီး တပါးကတော့ ပြောတယ်။ ဆရာတော်ကြီးက အစားအသောက်ဝါသနာပါပါ၊ ကြည့်ကွတဲ့၊ ဒို့ဘုရားက ကောင်းပေ့ဆိုတဲ့ နတ်သုဒ္ဓါစားပြီးတော့ ဘုရားဖြစ်တာ။ ပရိနိဗ္ဗာန်စံတော့လဲ ကြည့်။ နတ်သုဒ္ဓါနဲ့ ဝက်သားဆွမ်းဘုဉ်းပေးပြီးတော့ ပရိနိဗ္ဗာန် ပြုတာ။ ကောင်းကောင်းမစားရယင် ဘုရားတောင် မဖြစ်ဘူးတဲ့။ ဆရာတော်ကြီး တပါးက ပြောတယ်။

''ဟုတ်လား။''

''မှန်ပါ့ ဘုရား။''

''အေး...အေး၊ အဲဒါကလဲ တမျိုးပေါ့ဗျာ၊ အနုမောဒနာဖြစ်အောင် ကြံပြီးတော့ ပြောတာ။ လူရေးတန်းရေးဝါသနာပါတဲ့ ဒကာကြီးတွေ ဒကာမကြီးတွေအတွက် ထိုဆရာတော်ကြီးရဲ့စကား ပေါက်သည်ချစမ်းပါရစေနော်။''

"မှန်ပါ ဘုရား။"

"ကောင်းကောင်းမှ မစားရယင် ဘုရားတောင်မဖြစ်ဘူးတဲ့။ အဲဒါ ဆရာတော်ကြီး ပြောသွားတယ်။ ကောင်းတာသာ မစားရယင် ဟောလို့ကို တယ်မကောင်းတော့ဘူး၊ ကောင်းတယ်ဆိုတာ ဒီကနေ့ လောကသတ်မှတ်တာက အဆီအဆိမ့်များတာကို သူတို့က အကောင်း သတ်မှတ်သကိုးဗျ။"

"မှန်ပါ့ ဘုရား။"

"အဲဒီ အဆီအဆိမ့်နဲ့ ဘုန်းကြီးတို့နဲ့ လောကသမုတိအနေနဲ့ ဘယ်လောက်ပဲ ကောင်းကောင်း၊ ဒီ အသံနဲ့ကျတော့ သူက ဝိရောဓိ ဖြစ်ဖြစ်သွားတယ်။ ဟုတ်ကလား။"

"မှန်ပါ့ ဘုရား"

ဆရာတော်ဘုရားကြီး မိန့်တော်မူခဲ့တဲ့ စကားကလဲပဲ ဟန်ကျတယ် ဘုန်းကြီးတို့ပရိသတ်ရေ့။ ဘယ့်နှယ်ဟန်ကျတုန်း။ လူ့ရေးတန်းရေး စားရေးသောက်ရေးမှာ အလှူအတန်းဝါသနာပါတဲ့ ဒကာ,ဒကာမများအတွက်ကတော့ အဲဒီဆရာတော်ကြီးတွေနဲ့ ဟန်ကိုကျလို့။ ကောင်းကောင်းမှမစားရ ဘုရားတောင်မဖြစ်ဘူးဆိုတော့ အကောင်းချည့် ဖိလှူ၊ ထိုဆရာတော်များကလဲ အကောင်းချည့် ဘုဉ်းပေးပေါ့။

## ထိုက်သင့်တဲ့ ဘောဇဉ်တော့ လိုအပ်တယ်

"ပဏီတဘောဇဉ်ဆိုတာ လိုသလောက် လိုအပ်ပါတယ်။ မွန်မြတ်တဲ့ ခဲဘွယ်ဘောဇဉ်....နော်။"

"မှန်ပါ ဘုရား။"

''ဒီကနေ့ ခေတ်စကားနဲ့ပြောယင် အာဟာရဓာတ်ပြည့်ဝတဲ့ ခဲဘွယ်ဘောဇဉ်ပေါ့။''

''မှန်ပါ့ဘုရား။''

အစားအစာ နည်းနည်းကလေး စားပြီးတော့ အာဟာရ ဓာတ်အများကြီးပါတဲ့ စားဘွယ်မျိုးဟာ လိုအပ်ပါတယ်။''

''မှန်ပါ့ဘုရား။''

တခါထဲ ဇလုံကြီး ပန်းကန်ကြီးနဲ့ အများကြီး ပလုတ် ပလောင်းကြီး စားပြီးတော့မှ အာဟာရဓာတ်က နည်းနည်း ကလေးဆိုတဲ့ အစားအစာမျိုး အဲဒါမျိုးကတော့ ဟန်မကျ ဘူး။

''မှန်ပါ့ဘုရား''

ဒါ ခြုံပြီးတော့ပြောယင် ဒီလိုပဲ မှတ်ရမယ်၊ နင်းကန် အများကြီး စားပြီးတဲ့အခါကျတော့မှ အာဟာရဓာတ်က နည်းတဲ့ အစားအစာမျိုးဆိုယင် အဲဒါဟာ ရောဂါဖြစ်တတ် တယ်နော်။

''မှန်ပါ့ဘုရား။''

''ဝမ်းထဲမှာ အဲဒါတွေ လွှယ်ထားရတာ အဲဒါဟာ ဒုက္ခ။''

''မှန်ပါ့ဘုရား။''

စားတဲ့အခါကျတော့ နည်းနည်းလေးစားပြီးတော့ အာ ဟာရဓာတ် များများပါတာမျိုး ဖြစ်ရမယ်။ အဲဒါကျတော့ ခန္ဓာကိုယ်ထဲမှာ ဝမ်းခေါင်းထဲမှာ အဇောအိမ်ထဲမှာ လွှယ်ရ တာဟာ နည်းတော့ယင် ပေါ့ပါးတယ်, သွက် လက် တယ်, ကြည်လင်တယ်။ အစာဟောင်းတွေ များများကြီး လှောင်

မထားတဲ့အတွက်ကြောင့် ကျန်းမာရေး ပိုကောင်းတာပေါ့ ဗျာ့-နေဘ်။

"မှန်ပါ့ဘုရား။"

ပါစကဝမ်းမီး များများကြီး ချေစရာမလိုဘူး။ ဒါကြောင့် ဝိသမပရိဟာရဇ ဆိုတာဟာ မိမိရဲ့ခန္ဓာကိုယ် ဓာတ်သဘာဝများ တည်ဆောက်ပုံနဲ့ မသင့်တော်တဲ့ ဓာတ်ချင်းမကိုက်ညီတဲ့ ဝိရောဓိဖြစ်တဲ့ အစားအစာတမျိုး။ နင်းကန် အများကြီးစားပြီးတဲ့ အခါကျတော့မှ အာဟာရဓာတ် အလွန်နည်းတဲ့ အစားအစာ တမျိုး။

အဲဒါ ထိုအစားအစာ ၂-မျိုးကိုစားမိယင် ဝိသမပရိဟာရဇ ကြောင့် ရောဂါဖြစ်တယ်။ အစားအစာ မညီညွတ်မှုကြောင့် ရောဂါဖြစ်ပုံကို ဒီလိုမှတ်။ ကမ္မဝိပါကဇ-ကံကြွင်း ကံကျန် ကလေးတွေကြောင့် ရောဂါဖြစ်ပုံကိုလဲ ဘုရားရှင်ကိုယ်တော် မြတ်ကို ကြည့်။

## သလိပ်ကြောင့်ဖြစ်တဲ့ ရောဂါ

သေမှသမုဋ္ဌာန-သလိပ်ကြောင့်ဖြစ်တဲ့ရောဂါလဲ၊ အထူးပြော စရာမလိုဘူး။ သလိပ်နာသမားတွေ ကိုယ့်သလိပ်နာ ကိုယ်ပြန် သာစဉ်းစားလိုက်။ သလိပ်မရှိလဲ ရောဂါ။ သလိပ်များယင်လဲ ရောဂါ။ သလိပ်တွေခဲနေပြန်ယင်လဲ ရောဂါ။ အဲဒါ တယ်ခက် တယ်။ သလိပ် မရှိပြန်တော့လဲ အစာတွေ ချဉ်သိုးပြီးနေတဲ့ ဥစ္စာ၊ အဲဒါ အပေါ်က အဖုံးအပိတ်က ဘာမှမပါဘူး။ သလိပ် ဆိုတာ အစာအိမ်ကြီးကို အပေါ်က ဖုံးထားတာ။

အစာအိမ်ထဲမှာ အစာစားသမျှ ချဉ်ပေါက်ပုတ်ပွနေတာကို အပေါ်က သလိပ်နဲ့ ပိတ်ထားလို့ ဒီသလိပ်ပါးလို့ ကြဲနေတဲ့ အချိန်ကျယင် ချဉ်နေတဲ့ အစာတွေရဲ့အနံ့တွေဟာ အပေါ်ကို ပြန်ပြန်ပြီးတော့ တက်ထွက်လာတယ်။ ဒါကြောင့် သလိပ်က အပေါ်က ပိတ်ဖုံးထားရတယ်။

လိုအပ်သည်ထက်ပိုယင်လဲပဲ ရောဂါဖြစ်တယ်၊ ထိုသလိပ်က အားလုံးပါးသွားလို့ ကြဲသွားလို့ သလိပ်မရှိပြန်ဘူးဆိုယင်လဲပဲ အဲဒီ ချဉ်စော်နံတာတွေ အထက်ကို တကျိကျိနဲ့ တက်လာလို့ အဲဒီလူဟာ တဖြည်းဖြည်းနဲ့ မျက်စိဝါခြင်းတို့ နားလေထွက်ခြင်းတို့ ပြီးတော့ ခေါင်းခဲခြင်းတို့ဆိုပြီး ရောဂါတွေ အကုန်ဖြစ်တယ်။

"မှန်ပါဘုရား။"

"အခိုးတွေက အပေါ်တက်လာတယ်။ သေမှသမင်္ဂါနတဲ့ နော်။"

"မှန်ပါ့ဘုရား။"

သလိပ်က မျှတရုံတော့ရှိပါရဲ့ သို့သော် သလိပ်အားပေးတဲ့ အစားအစာတွေ နင်းစားမိပြန်ယင်လဲ အဲဒါ ရောဂါ။ သလိပ် အားပေးတဲ့ အစားအစာတို့ကတော့ ကြံသကာတို့ သကြားတို့ ဟုတ်လား၊ ထန်းလျက်တို့ တင်လဲတို့ နို့ဆီတို့ နို့ခဲတို့ ဒိန်ခဲ တို့ ဟုတ်လား၊ အဲဒါတွေက သလိပ်အားပေးတဲ့ အစားအစာ တွေ အများဆုံးပဲ။ အုန်းနို့တို့လိုပေါ့ ဟုတ်လား။

"မှန်ပါဘုရား။"

အဲ....သလိပ်ကမျှရုံပဲရှိပေမယ့် သလိပ်ပွားစေတတ်တဲ့ အစားတွေစားယင်လဲ အဲဒါ ရောဂါဖြစ်တယ်တဲ့၊ အဲဒါ သေမှသမုဋ္ဌာန်။

## သည်းခြေကြောင့်ဖြစ်တဲ့ ရောဂါ

ပိတ္တသမုဋ္ဌာန်—သည်းခြေကိုပျက်စေတဲ့ရောဂါ။ သည်းခြေဆိုတာကလဲ ဗဒ္ဓသည်းခြေနဲ့ အဗဒ္ဓသည်းခြေဆိုပြီး နှစ်မျိုးရှိပါတယ်။ ဗဒ္ဓသည်းခြေ ပျက်တဲ့အထိဖြစ်ကြပြီဆိုတော့ စိတ်တွေက ကယောင်ခြောက်ခြား ဖြစ်လာတယ်။ အဗဒ္ဓသည်းခြေပျက်ယင်လဲပဲ အလွန်တရာခါးတဲ့အခါးခါတ်တွေ အောက်ပိုင်းကနေအထက်ကို တဖြည်းဖြည်း ဆန်ပြီးတော့ ပါးစပ်က အန်ထွက်လာသဖြင့် ထိုပုဂ္ဂိုလ်သည် ရသာရုံကို ကောင်းကောင်းမခံနိုင်တော့ပဲနဲ့ ဇိဝှာပသာဒပျက်စီးခြင်း,မျက်စိဝါခြင်းဆိုတဲ့ ရောဂါတွေ ဖြစ်တတ်ပါတယ်။ အဲဒါ ပိတ္တသမုဋ္ဌာန်။

ဝါတသမုဋ္ဌာန်-လေကြောင့်ဖြစ်လာတဲ့ ရောဂါ။ ဥတုသမုဋ္ဌာန်-အအေးကြောင့်ဖြစ်တဲ့ ရောဂါ, အပူကြောင့် ဖြစ်တဲ့ရောဂါ။

''ရောဂါဖြစ်ခြင်းရဲ့အကြောင်းတွေ ဒီလိုရှိပါတယ်။''

''မှန်ပါ့ဘုရား။''

## ရှင်မဟာကဿပ ဘာကြောင့် ရောဂါဖြစ်

အဲဒီ အကြောင်းအမျိုးမျိုးကြောင့်ဖြစ်တဲ့ ရောဂါတွေထဲမှာ အခု ရှင်မဟာကဿပမထေရ်ကြီး ဘာကြောင့် ရောဂါဖြစ်တုန်းဆိုတော့ အဋ္ဌကထာက ဒါကို ရှင်းပြီးတော့ ထားတယ်။

ရှင်မဟာကဿပ နေတာက တောအုပ်ကြီး။ ထိုတောအုပ်ရှိ လိုဏ်ဂူကြီးထဲ နေတော့....။

ထို တောတောင်ထဲမယ် မြောက်လေကလေးက တဖြူးဖြူး သုတ်လာတဲ့အချိန်၊ ဆောင်းဦးပေါက် မြောက်လေတဖြတ်ဖြတ် သုတ်လာတော့ ထို တောထဲတောင်ထဲရှိ သစ်ပင်အပေါင်းတို့ ကို မြောက်လေနဲ့အတူ နှင်းကလေးကရတော့ ပင်မျိုးစုံက အပွင့်တွေ အပွင့်တွေ အမျိုးမျိုး ပွင့်ကြ။ ပင်မျိုးစုံက အပွင့် အမျိုးမျိုးတို့ရဲ့ အနံ့တွေဟာ လေနဲ့အတူတူ ပါလာပြီး လိုဏ်ဂူထဲ လုံးပြီးတော့ ဝင်တယ်။

ထိုပွင့်မျိုးစုံတို့ရဲ့ရနံ့ကို ရှူရတဲ့ ရှင်မဟာကဿပကိုယ်တော်သည် အဲဒီမှာ ရောဂါ ဖြစ်သွားတယ်။ စာထဲ ဘယ့်နှယ်ပြောတုန်း ဆိုယင် ''ဝိသရုက္ခ''တဲ့။ ''အဆိပ်ပင်''များ ထိုတောသဲ၍တယ် လို့ ဆိုတယ်။ အဆိပ်ဖြစ်စေတတ်တဲ့အပင်တွေ ထိုတောထဲမှာ ရှိကြတယ်။ ထိုအဆိပ်ပင်က ပွင့်နေတဲ့ အပွင့်တွေရဲ့ရနံ့တွေဟာ လေနဲ့အတူ ပါလာတယ်။ ထိုရနံ့တွေလို့ ရှူမိတဲ့အတွက်ကြောင့် ရှင်မဟာကဿပသည် ရောဂါဖြစ်တာတဲ့။

## သွေး၏ ခလုတ်သည် နှလုံး

ဒီကနေ့ ဘုန်းကြီးတို့ ပရိသတ်များ ပဒိုင်းပင်ဆိုတာ ၾကတယ် မဟုတ်လား။

''ရှိပါ့ ဘုရား။''

''ပဒိုင်းပွင့်ဟာ နမ်းကြည့်ယင် မူးတယ်နော်။''

''မှန်ပါ့ ဘုရား။''

ပဒိုင်းပွင့် နမ်းကြည့်ယင် မူးတယ်ဆိုတော့ ထိုပဒိုင်းပွင့်ရဲ့ရနံ့ဟာ နှာခေါင်းထဲကနေပြီးတော့ ဝမ်းထဲကိုရောက်၊ နှလုံးကိုလဲ သွားပြီးတော့ ထိုရနံ့ထိတယ်။ သည်းခြေကိုလဲ ထိုရနံ့ သွားပြီးတော့ ထိတယ်။ ထိုပဒိုင်းပွင့်ရဲ့ရနံ့ နှလုံးကို ထိသဖြင့် တံတွေးတပြစ်ပြစ်နဲ့ ဖြစ်လာပြီး ထိုပုဂ္ဂိုလ်ရဲ့ စိတ်။ အဲဒီပုဂ္ဂိုလ်ရဲ့ ဦးနှောက်တွေက ကယောင်ကတမ်း ဖြစ်လာတယ်။ နှလုံးကို ပဒိုင်းပွင့်ရဲ့ရနံ့ သွားပြီးတော့ ထိတာနဲ့တပြိုင်နက်ထဲ သွေးရဲ့ ခလုတ်ဟာ နှလုံးပဲ။

တကိုယ်လုံး သွေးတွေလည်ပတ်မှုအတွက်တွန်းပို့နေတဲ့ခလုတ်သည် အဲဒီနှလုံးပဲဆိုတော့ နှလုံးကို ပဒိုင်းပွင့်ရဲ့ရနံ့ သွားပြီး ထိလိုက်တဲ့အခါမှာ သွေးလည်ပတ်တဲ့နှုန်းတွေပါ အကုန်လုံး ပျက်စီးကုန်တယ်။အဲဒီ သွေးကြောတွေထဲ ထိုအဆိပ်ပွင့်ရနံ့တွေ ထိပြီး တခါထဲ ရောက်ပြီးတော့ ဝင်သွားလိုက်တာ သွေးတွေလဲ မကြည်တော့ဘူး။ နောက်ကုန်တယ်နော်။''

''မှန်ပါ ဘုရား။''

သွေးတွေ နောက်သွားတာနဲ့တပြိုင်နက်ထဲ အဲဒါ ရောဂါပဲ။ခေါင်းမူးတယ်တို့ ခေါင်းကိုက်တယ်တို့ အန်ချင်တယ်တို့ ပျို့ချင်တယ်တို့ ဖြစ်လာတယ်။ထိုပဒိုင်းပွင့်ရဲ့ ရနံ့ သည်းခြေကို သွားပြီးတော့ ထိလိုက်တယ်ဆိုတဲ့အခါ စိတ်ပါ ဝိက္ခေပဖြစ်ပြီးတော့ ပျံ့လွင့်သွားတယ်။ဒါက လက်တွေ့၊ ဒိဋ္ဌပရိသတ်နဲ့ နီးစပ်တာ ပြောတာ နော်။

''မှန်ပါဘုရား။''

တောထဲတောင်ထဲမှာ ဘာမှန်းမသိ အမည်မဖော်နိုင်တဲ့ ပင်မျိုးစုံရှိတယ်။ ထိုပင်မျိုးစုံက ပွင့်တဲ့ရနံ့တွေကို ရှူရယင် ဒီနေရာမှာ ဘုန်းကြီးတို့ပရိသတ်များ ညမွှေးပန်းဆိုတဲ့ ပန်းတမျိုးရှိသေးတယ်။ သင့်ရုံကလေး ရှူယင် အဲဒီရနံ့ဟာ အတော်လေးနေလို့ထိုင်လို့ ကောင်းတယ်နော်။

"မှန်ပါ့ဘုရား။"

ထို ရနံ့ကို အလွန်အမင်းကြီး ရှူမိယင် ခေါင်းကိုက်တယ်။

"မှန်ပါ့ဘုရား။"

### ရေသန့်သည်လဲ အရေးပါ

ဒါကြောင့် ဘုန်းကြီးတို့ သပိတ်အိုင်တောရထဲနေတုန်းက အခုလို ဆောင်းရာသီကျပြီဆိုယင် စမ်းချောင်းက ရေတွေကလဲ ပဲ စစ်သွားတယ်။ ရေဟာ အင်နဲ့အားနဲ့ တယ်မစီးတော့ဘူး။ မိုးရာသီ မိုးကောင်းတုန်းတော့ ရေတွေက တဝုန်းဝုန်းနဲ့စီးနေတာဆိုတော့ ထိုချောင်းထဲမှာ ဘယ်အသီးပဲကျကျ ဘယ်အပွင့်ပဲကျကျ ဘယ်အရွက်ပဲကျကျ အသီး၊ အပွင့်၊ အရွက်၊ ကျချင်တဲ့အသီး၊ အပွင့် အရွက်ကျလိုက်စမ်း၊ ရေက ဒလဟော ထိုးပြီးတော့ သယ်သွားတာ။ တခါထဲ ရေအိုင်ထဲမှာ ပြောင်ပြီးကြည်လို့။ တခါ အောက်က သဲတွေပေါ်မှာ ရေတွေကကြည်ပြီးတော့ ကျန်ရစ်ခဲ့တယ်။

"မှန်ပါ့ဘုရား။"

အသီး၊ အပွင့်၊ အရွက် ဘာမှမရှိတဲ့အတွက်ကြောင့် ရေကလဲ အမြဲတမ်းစီးပြီးတော့ အမြဲသန့်ရှင်းတဲ့ရေကို သောက်ရတယ်။

"မှန်ပါ့ဘုရား။"

ပြာသိုလရဲ့နောက်ပိုင်း ရောက်လာပြီလဲ ဆိုရော၊ရေကချောင်း ပေါက်အောင် ဟိုက ပင်လယ်ပေါက်အောင် သပိတ်အိုင်တော ရက ချောင်းကြီး ရေမစီးတော့ဘူး။ ဒီရေဟာ အိုင်အိုင်ပြီး တော့ ဝပ်နေတယ်။ အဲဒီဝပ်နေ အိုင်နေတဲ့အထဲ သစ်ပင်တွေက လဲပဲ ပိတ်အုပ်နေတော့ ဟိုအပင်ဒီအပင်ကအသီးတွေ အရွက် ကြွေက ကြွေကျ။ အပွင့်တွေက ကြွေကျ။ သီးမျိုးစုံ၊ ရွက်မျိုးစုံ၊ ပွင့်မျိုးစုံတွေနဲ့စိမ်ပြီးတော့ထားတဲ့ ရေတွေကို သောက်ရသုံး ရတဲ့အခါမှာ မကျိုပဲ မချက်ပဲနဲ့သာ သောက်၊ အဲဒီပုဂ္ဂိုလ်တွေ ဟာဖျားတာတော့ သေချာတယ်။

"မှန်ပါ့ဘုရား။"

ယခုပဲ ကြားနေတယ်။ကိုယ့်သီတင်းသုံးဖော် ကိုယ်တော်နှစ် ပါး တောထဲမှာ ဖျားနေကြတယ်တဲ့။မကြာခင်ကပဲ သတင်းရ တယ်။ဆောင်းဦးပေါက်ဆို ဒီအတိုင်း ဖျားနေကျ။ ပွင့်လိုက်တဲ့ ပန်းတွေရဲ့ ရနံ့တွေကလဲပဲ လေနဲ့အတူ ရနံ့စုံ ပါလာတယ်။ တန်ခူး ကဆုန်ဆိုယင် သာလို့တောင် ဆိုးသေး။

ရေကလဲ စစ်သွား၊ ရေကလဲ ငြိမ်နေပြီ၊ မစီးတော့ဘူး။ ဒီထဲ ဒီအပွင့်တွေစိမ်၊ အဲဒါ သောက်ပြီဆိုတော့ အဲဒါ ရောဂါဖြစ် တယ်။ကျိုချက်ပြီးတော့ သောက်ရယင် အဲဒါတော်သေးတယ်။ ဖျားတာမှ တခါထဲ တုန်ပြီးတော့ကို ဖျားတာ။

ငှက်ဖျားရောဂါဆိုတာဟာ ဒီကနေ့ ဆရာဝန်များကတော့ ပိုးကြောင့်ဖြစ်တယ်တဲ့၊ ခြင်ကိုက်ယင် ဖြစ်တယ်တဲ့။ ဘုန်းကြီး တို့ သပိတ်အိုင်တောရထဲ ဘာခြင်တကောင်မှ မကိုက်ပါဘူး။

ခြင်တကောင်မှ မကိုက်ဘူး။ ဖျားလိုက်တဲ့ ငှက်ဖျား အကြီး အကျယ်ပဲ။

ဘုန်းကြီးတို့တော့ တောထဲနေစဉ်တုန်းက တခါမှ မဖျားပါ ဘူး။ မြို့ကျမှ ဖျားတယ်။ တကယ်ပြောတာ။ တောထဲနေတုန်းက တခါမှ မဖျားဘူး။ မြို့လဲထွက်လဲလာရော တရားဟော။ မုဒ္ဒိတို့ သံဗုဒ္ဓဇရပ်တို့လဲ ရောက်ရော ဖျားလိုက်တဲ့ ဖြစ်ခြင်း။ အကြီး အကျယ်ပဲ။

## လေသန့် ရေသန့် လိုအပ်သည်

ဒီတော့ ပြောလိုတဲ့အဓိပ္ပာယ်၊ ရှင်မဟာကဿပကြီး ဘာ ကြောင့် ဖျားရသလဲဆိုယင် တောထဲက အပင့်မျိုးစုံရဲ့ ရနံ့ကို ရှူရလို့ ဖျားတယ်။

"မှန်ပါ့ဘုရား။"

အဲ ဒီအထဲ ဘာတွေပါသလဲ၊ ပွိုင်ဆင် (Poison) ဖြစ်တဲ့ အပင့်တွေ ပါတယ်....ဟုတ်ပလား။တောထဲက'ဝိသရုက္ခ'တဲ့၊အဆိပ် ပင်တွေ။ထိုအဆိပ်ပင်တွေက ရနံ့တွေကို ရှူမိတဲ့အတွက်ကြောင့် ရှင်မဟာကဿပကိုယ်တော်ကြီး ဖျားပါတယ်။ ထိုအကြောင်း အရာကို ဘုန်းကြီးတို့ တွေ့ရတဲ့ လက်တွေ့နဲ့စပ်ပြီး ကြည့်လိုက် ပြန်တော့လဲ တယ်ပြီးတော့ သဘာဝဆိုက်တယ်။

ရေကိုကြည့်ပြန်တော့လဲ စမ်းရေ။ သီးမျိုးစုံ၊ပွင့်မျိုးစုံ၊ရွက် မျိုးစုံတွေ စိမ်ထားထုံထားတဲ့ စမ်းရေ။အဲဒါမျိုး သုံးရသောက် ရပြန်တော့ ကျိုပေးမယ့်လူ မရှိ၊ ချက်ပေးမယ့်လူ မရှိ။ ဒါပဲ ချိုး။ ဒီဟာပဲ ခပ်ပြီးတော့ သောက်။ ဒါပဲ သုံး။

ဒါပေမယ့် ရေကန်ကတော့ အဆင့်ဆင့်ပေါ့ဗျာ။ ချိုးတာက တဆင့်။ သပိတ်အိုင်ဧာန်ကြီးက အဆင့်ဆင့် ဆင့်နေတာ။ အောက်ဆုံးအဆင့်က ချိုးရတယ်။ အလယ်ဆင့်ကဆိုယင် ရေပိုက်နဲ့သွယ်ပြီးတော့ သုံးတယ်၊ သောက်တယ်။ ဟိုအပေါ်ဆုံးအဆင့်ကတော့ တိမ်လွှန်းလို့ဆိုပြီး အဲဒါကျတော့ မသုံးဘူး။ စံနစ်နဲ့ထားတော့ ထားတာပဲ။ ထိုအထဲ အပွင့်စိမ်ထားတော့ ဖျားတယ်ဗျာ့။

"မှန်ပါ ဘုရား။"

အာယသ္မာ မဟာကဿပေါ၊ ယခုပြောပြနေတဲ့ ရှင်မဟာကဿပကိုယ်တော်ကြီးလဲပဲ။ အာဗာဓိကော၊ အဆိပ်ပွင့်တွေကို ရှူမိတဲ့အတွက်ကြောင့် အနာရောဂါဖြစ်တယ်။

ဖျားလိုက်တာ ငှက်ဖျား။ တုန်ပြီးတော့ကို တခါထဲ ဖျားတာ။

ဗာဠ္ဍဂိလာနော၊ ပြင်းပြင်းထန်ထန် မကျန်းမမာ ဖြစ်တာ။

ဗာဠ္ဍဂိလာနတဲ့။

ပြင်းပြင်းထန်ထန် မကျန်းမမာသည်။ ဟောတိ၊ ဖြစ်၏။

ပိပ္ပလိဂုဟာယံ၊ ပိပ္ပလိလိုဏ်ဂူထဲမှာ။ ဒုက္ခိတော၊ ကာယိက ဒုက္ခသို့ ရောက်ရှိနေသည်။ ဟောတိ၊ ဖြစ်နေလေတော့၏။

ရှင်မဟာကဿပကိုယ်တော် အပြင်းအထန် မကျန်းမမာဖြစ်လို့ ဖျားနေပြီဆိုတဲ့အကြောင်း။

ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလဲပဲ။ အဃောသိခေါ်-အဃောသိဝေ၊ ကောင်းစွာ မသွေ ကြားသိတော်မူလေတော့၏။

## ဥတုဖောက်ပြန်မှု၏ အကျိုးဆက်

ရှင်မဟာကဿပ ဖျားတဲ့အကြောင်း၊ အကြောင်းရှာယင် တွေ့ပြီ။ ခုနပြောထားတဲ့ အကြောင်းအမျိုးမျိုးတွေထဲမှာ ဘာကြောင့် ဖျားရတာတဲ့လဲလို့ဆိုလို့ရှိယင် ဥတုဖောက်ပြန်လို့ ဖျားတယ်။ ဆောင်းနဲ့မိုး၊ ဆောင်းနဲ့နွေ အဲဒီအကူးလေးမှာ တောထဲနေရထိုင်ရတာ ဘုန်းကြီးတို့ပရိသတ်များ နေရတာ အလွန်ခက်တယ်။

မိုးကလဲ တဖြောက်ဖြောက်နဲ့ မကုန်သေး။ ဆောင်းကလဲ အဝင် မြောက်လေက တခါတခါ တိုက်၊တခါတခါ တောင်လေက တိုက်၊ တခါတခါ အရှေ့လေက တိုက်၊ တောကြိုအုံကြားဆိုတော့ လေကမမှန်။ အဲဒီမှာ ဖောက်ပြနတဲ့ဥတုဒဏ် ခံကြရ။

တောကျောင်းဆိုတော့ ဘာပြောကောင်းမလဲ၊ အဲဒါ အမိုးက မလုံ၊အကာက မလုံ၊ရှင်မဟာကဿပလိုဏ်ဂူကြည့်ပေါ့။ လေပြင်းဒဏ်ကိုလဲ ခံစားရတယ်။ မမှန်တဲ့ လေတိုက်တဲ့ဒဏ် ချက်တွေကိုလဲ ခံရတယ်။ တောထဲ တောင်ထဲက စမ်းရေကို သောက်ရကဲ့အတွက်ကြောင့် အခုနက သီးမျိုးစုံပွင့်မျိုးစုံတွေ စိမ်ထားတဲ့အရေကို ရေများကိုလဲ ဘုဉ်းပေးရတယ်။

အဆိပ်တွေပါလာတဲ့ ပန်းပွင့်တွေရဲ့အနံ့ကိုလဲ ရှူရှိုက်ရတယ် ဆိုတော့ ရှင်မဟာကဿပ ရောဂါဖြစ်ခြင်းရဲ့ အကြောင်းရင်းကို ရှာယင် ဥတုသမုဋ္ဌာန- ဥတုဖောက်ပြန်နှိပ်စက်လို့ ဖြစ်တဲ့ ရောဂါနော်။

''မှန်ပါ့ ဘုရား။''

## ကွင်းဆက်သဖွယ် ကျိုးဆက်နွယ်

ဉတုဖောက်ပြန်တာနဲ့တပြိုင်နက်ထဲ,ဗဟိဒ္ဓဉတုဖောက်ပြန်တာနဲ့ တပြိုင်နက်ထဲ အဇ္ဈတ္တကိုယ်ထဲက ဉတုလဲပဲ ဖောက်ပြန်သွားတယ်။ အပြင်က အအေးတွေ တအားကုန်ရိုက်လိုက်တဲ့ အတွက်ကြောင့် အသားမှာ မွေးညင်းပေါက်လေးတွေ အပေါက်အပေါက်လေးတွေ ရှိတယ်။ ခန္ဓာကိုယ်မှာ အပေါက်အပေါက်လေးတွေ ရှိတယ်နော်။

"မှန်ပါ့ ဘုရား။"

အဲဒီ မွေးညင်းပေါက်လေးတွေကို လေတိုက်၊ တအားတိုးတဲ့အခါကျယင် ဘုန်းကြီးတို့ပရိသတ်များ အသားဟာ တဖြည်းဖြည်းခြင်း တဖြည်းဖြည်းခြင်း ကြပ်ပြီးတော့ တစေ့ထဲ ပိတ်သွားတယ်၊ အပေါက်ကလေးတွေဟာ စေ့သွားတယ်။ ဒီအသားကို အအေးဓာတ်များများပါတဲ့လေ နာနာတိုးယင် ဟုတ်လား။

"မှန်ပါ ဘုရား။"

မွေးညင်းပေါက်ကလေးတွေဟာ စေ့ပြီးတော့ ပိတ်သွားတယ်။ ပိတ်သွားတဲ့အချိန် ဝမ်းထဲက တေဇော၊ ဝါယော၊ အခိုးတွေ ကောင်းကောင်းမထွက်နိုင်တော့ဘူး။ အဲဒီလို မထွက်နိုင်တော့တဲ့ အချိန်၊အပြင်ကလဲပဲ အအေးက နာနာရိုက်၊အတွင်းကအပူတွေကလဲ မထွက်နိုင်၊လှိုက်ပြီးတော့ အထဲမှာလောင်တယ်၊ ဗဟိဒ္ဓဉတုဖောက်ပြန်ခြင်းကြောင့် အဇ္ဈတ္တဉတုလဲပဲ ဖောက်ပြန်သွားတယ်။

"မှန်ပါ့ ဘုရား။"

ပြဒါးတိုင်လေးရှိလို့များ ပါးစပ်ထဲစိုက်တိုင်းကြည့်လိုက်ယင် တရာကျော်နေလိမ့်မယ်ထင်တယ်။ ရှင်မဟာကဿပ ကိုယ်တော်ကြီးဟာ....

"မှန်ပါ့ ဘုရား။"

အဲဒီလို အတွင်းက အပူဓာတ်နှိပ်စက်သဖြင့်၊ အပူဓာတ်ဖောက်ပြန်လာသဖြင့် ဖြစ်ပေါ်လာတဲ့ ရောဂါ၊ အဆိပ်ပွင့်ရန့်တွေကို ရှူမိပါတယ်ဆိုတဲ့အတွက်ကြောင့် ပျက်စီးသွားတဲ့ သည်းခြေ။

"သည်းခြေတွေလဲ ပျက်သွားတယ်။ အဆိပ်တွေ ရှူမိလို့။"

"မှန်ပါ ဘုရား။"

## အစာအိမ်ရောဂါ-တိုက်ဖျက်ရောဂါ

နောက်တခါ မညီညွတ်တဲ့ ရေတွေကို သောက်ရလို့ သောက်ရ သုံးရပါတယ်ဆိုတဲ့အတွက်ကြောင့် သလိပ်ရောဂါ သည်းခြေပါ တခါထဲ ပျက်စီး။ အဇ္ဈတ္တတေဇောနဲ့ ဝါယောက ဖောက်ပြန်။ ဘုမ်းကမဘုဦးပေးနိုင်တဲ့အတွက်ကြောင့် အစာအိမ်ထဲမှာ အစာက မရှိ။ အစာကမရှိတော့ အစာကိုလောင်ရမယ့် တေဇောသည်၊ လောင်စာ မရှိတော့တဲ့အခါ ဒီတေဇောဓာတ်ဟာ အစာအိမ်ကိုပဲ မြိုက်ထားတော့တာပဲ။

"မှန်ပါ ဘုရား။"

အစားအသောက်သည်းဟူသော လောင်စာထည့်မပေးနိုင်သဖြင့် အစာချက်တဲ့ တေဇောဓာတ်ဟာ အစာအိမ်ကို မြိုက်တယ်။ အစာအိမ်ကိုမြိုက်ယင်း မြိုက်ယင်းနဲ့ တပြည်းပြည်း ဘုန်းကြီး

တို့ပရိသတ်များ အဲဒါကို ဒီကနေ့တော့ အစာအိမ်ကို အပူလောင်တာ။

"အဲဒါ ဘာရောဂါ ခေါ်မလဲ။"

"အစာအိမ်ရောဂါပါ ဘုရား။"

"အစာအိမ်ရောဂါ၊ ဟုတ်တာပေါ့။ အစာအိမ်ထဲ ဖြစ်တဲ့ရောဂါနော်။"

အဲဒီ အပူတွေဟာ အစာအိမ်ထဲမှာတင် မနေဘူး။ ဖြည်းဖြည်းခြင်း ဖြည်းဖြည်းခြင်း အူတခုလုံးကို အဲဒါ လောင်သွားတယ်။

"မှန်ပါ့ ဘုရား။"

အူတခုလုံး၊ အူချောင်းကြီးတခုလုံး ရှောက်ပြီး လောင်သွားတော့ အဲဒါကို ဘာခေါ်လဲ တိုက်ဖွိုက်၊ တိုက်ဖွိုက်ဟုတ်လား။

"မှန်ပါ့ဘုရား။"

ဒီ အပူ ဒီအတိုင်း မနေဘူး၊ နှလုံးသားကို တက်ပြီးလောင်လိုက်ပြန်တော့ သွေးက သိပ်ခုန်လာတယ် ဟုတ်လား။

"မှန်ပါ့ဘုရား။"

စောစောက မှန်မှန်ကလေး သွားနေတဲ့ သွေးဟာအောက်က မီး နာနာမြှိုက်လိုက်တဲ့အတွက်ကြောင့် တွန်းအားကန်အားတွေ သိပ်များပြီးတော့ တရကြမ်း ခုန်လာတဲ့အတွက်ကြောင့် နားကြပ်နဲ့ နားထောင်ကြည့်တော့ တဒိန်းဒိန်းနဲ့မြည်နေတယ် မဟုတ်လား။

ကြည့်....ဥတုဖောက်ပြန်ခြင်းကြောင့်, ဗဟိဒ္ဓဥတု ဖောက်ပြန်ခြင်းကြောင့် ဝမ်းထဲက ဥတုလဲ ပျက်သွားတယ်၊ လေနာနာတိုက် အာကာသဆိုတာ ပိတ်သွားတယ်ဆိုတဲ့ အတွက်ကြောင့် မွေးညင်းပေါက်တွေ ပိတ်သွားပြီဆိုတော့ အထဲက အပူတွေ အပြင်မထွက်နိုင်၊ အထဲမှာ လှိုက်လောင်တယ်။ အပူကြပ်ကြပ် လောင်ပြီဆိုတော့ မစားနိုင်တော့တဲ့အတွက်ကြောင့် အစာအိမ် အခေါင်းပဲဖြစ်တယ်။ အစာအိမ်ကို လောင်တယ်။ နှလုံးကို လောင်တယ်။ အဆုတ်ကို လောင်တယ်။ အဆုတ်ကိုလောင်တော့ ရေသိပ်တောင်းမယ်ပေါ့။

"မှန်ပါ့ဘုရား။"

"တခါ နှလုံးသားအပေါ် အဲဒီ အပူတွေ ကြပ်ကြပ် လောင်တော့ ဘာဖြစ်။ နှလုံးက သွေးတွေ သိပ်ပြီး ခုန်လာတယ် မဟုတ်လား။"

"မှန်ပါ့ဘုရား။"

"အဲ....ရှင်မဟာကဿပကိုယ်တော်ကြီး မထနိုင်တော့ဘူးတဲ့၊ ခေါင်းပါ အကြီးအကျယ် ခဲလာတယ်။"

"မှန်ပါ့ဘုရား။"

နှလုံးသွေးတွေ တအားခုန်လာပြီဆိုယင် ခေါင်းလဲပဲ ခဲလာတယ်။ ရင်ထဲမှာလဲပဲ ပူနေတယ်။ လိုဏ်ဂူထဲမှာ ချမ်းဖျားဖျားပြီးတော့ တခါထဲ တုန်နေတယ်။ အဲဒီ အကြောင်းအရာကို ဗာဠဂိလာနေ့တဲ့– ပြင်းထန်တဲ့ မကျန်းမမာခြင်းလို့ ဒီလို ဖွင့်ပြထားပါတယ်။

## ဘုရားရှင် ကြွမြန်းလာခြင်း

အာယသ္မာ မဟာကဿပပေါ၊ ရှင်မဟာကဿပ ကိုယ်တော်ကြီးသည်။ အာဗာဓိကော၊ ဗဟိဒ္ဓ ဥတုဖောက်ပြန်ခြင်းကြောင့် အဇ္ဈတ္တ ဥတုတွေပါ ပျက်စီးလျက်၊ သွေးတွေ သည်းခြေတွေ သလိပ်တွေပါ ဖောက်ပြန် ပျက်စီးလျက် ရောဂါနှိပ်စက်သည်။ ဗာဠှဂိလာနော၊ ပြင်းပြင်းထန်ထန် မကျန်းမမာဖြစ်သည်။ ဒုက္ခိတော၊ ကာယိကဒုက္ခကို ရောက်၍နေသည်။ ဟောတိ၊ ဖြစ်ရှာတော့၏။

အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညု ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ အာယသ္မာတော မဟာကဿပ၊ ရှင်မဟာကဿပ ကိုယ်တော်ကြီး၏။ ဂိလာနဘာဝံ၊ မကျန်းမမာ ဖြစ်နေတယ်ဆိုတဲ့ သတင်းကို။ သုတွာ၊ ကြားရသည်ဖြစ်၍။

ယေနာယသ္မာ မဟာကဿပေါ တေနုပသင်္ကမိ။

ယေန၊ အကြင်အရပ်၌။ အာယသ္မာ မဟာကဿပေါ၊ အရှင်မဟာကဿပ ကိုယ်တော်ကြီးသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုရှင်မဟာကဿပ ကိုယ်တော်ကြီး ရှိရာသို့။ ဥပသင်္ကမိ၊ အနီးအစပ် ချဉ်းကပ်၍ လာခဲ့လေပြီ။ ဥပသင်္ကမိတွာ၊ ရှင်မဟာကဿပ ကိုယ်တော်ကြီးရှိရာ အနီးအစပ် ချဉ်းကပ်ပြီး၍။ ပညတ္တေ၊ ခင်းထားသော။ အာသနေ၊ နေရာ၌။ နိသီဒိ၊ ထိုင်တော်မူခဲ့လေပြီ။

## ဘုရားရှင် လူမမာမေးခြင်း

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ရှင်မဟာကဿပ မကျန်းမမာဖြစ်နေတယ်လို့ သတင်းကြားခဲ့၍၊ မေးမြန်းမယ် စုံစမ်းမယ်လို့ ဂိလာနပုစ္ဆကအနေနဲ့ ကြွတော်မူပါတယ်။

လူမမာ မေးရအောင် ဘုရားကြွလာတယ် ဆိုတဲ့သတင်းကြားတဲ့ ရှင်မဟာ ကဿပကြီးကလဲ ဘုရားအတွက် နေရာထိုင်ခင်း ခင်း၍ပေးတော်မူခဲ့ပါတယ်။ ခင်းပေးသောနေရာမှာ ဘုရားမြတ်စွာ ထိုင်တော်မူပြီးတော့မှ ဘုရားရှင် ကိုယ်တော်မြတ်က....

"ကစ္စိ တေကဿပ ခမနီယံ၊ ကစ္စိ ယာပနီယံ၊ ကစ္စိ ဒုက္ခာ ဝေဒနာ ပဋိက္ကမန္တိ နောအဘိက္ကမန္တိ၊ ပဋိက္ကမောသာနံ ပညာယတိ နောအဘိက္ကမော"တိ။

ကဿပ၊ ချစ်သားကဿပ။ တေ၊ သင့်အား။ ခမနီယံ၊ ခန့်ကျန်းခြင်းသည်။ ကစ္စိ၊ အသို့နည်း။ အတ္ထိ၊ ရှိပါရဲ့လား။ ကစ္စိ၊ အသို့နည်း။ တေ၊ သင် ချစ်သား ကဿပအား။ ယာပနီယံ၊ မျှတခြင်းဆိုတာ။ အတ္ထိ၊ ရှိမှရှိပါရဲ့လား။

ချစ်သားကဿပ၊ မျှမျှတတမှ နေနိုင်ပါရဲ့လား။ ခမနီယံ၊ ရောဂါဒဏ် ကြံ့ကြံ့မှ ခံနိုင်ပါသေးရဲ့လား။ ခန့်ခန့် ကျန်းကျန်းရှိရဲ့လား။ ယာပနီယံ၊ နေရတာ မျှမျှတတ ဖြစ်ပါရဲ့လား။ မြတ်စွာဘုရားက လူမမာမေး။

ကဿပ၊ ချစ်သားကဿပ။ တေ၊ သင်ချစ်သားကဿပရဲ့ သန္တာန်မှာ။ ဒုက္ခဝေဒနာ၊ ကာယိကဒုက္ခလို့ခေါ်တဲ့ ဟောဒီ

ရောဂါတွေဟာ။ ပစ္ဆိက္ကမန္တိ၊ နောက်ကိုဆုတ်ကြရဲ့လား။ ဥဒါ ဟု၊ ထိုသို့ဗဟုတ်မူကား။ အဘိက္ကမန္တိ၊ ရှေ့ကိုများ တိုး၍ များ နေကြပါကုန်သလား။

ချစ်သား ကဿပရဲ့ ကာယိကဒုက္ခဆိုတဲ့ ရောဂါတွေဟာ ရှေ့များတက်နေသလား။ နောက်ကိုများ ပြန်ပြီး ဆင်းကော ဆင်းပါရဲ့လား။

ကဿပ၊ ချစ်သားကဿပ။ တေ၊ သင်ချစ်သားကဿပရဲ့။ ဝေဒနာနံ၊ ကာယိကဒုက္ခ ဆိုတဲ့ ရောဂါဝေဒနာ တို့၏။ အဘိက္ကမောသာနံ၊ ရှေ့သို့တက်ခြင်းသည်။ ပညာယတိ၊ ထင်ရှား ပါရဲ့လား။ နပညာယတိ၊ မထင်ရှားပဲ ရှိပါရဲ့လား။ ပဋိက္ကမောသာနံ၊ နောက်သို့ဆုတ်ခြင်းသည်။ ပညာယတိ၊ ထင်ရှားပါရဲ့လား။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ အာယသ္မန္တံ မဟာ ကဿပံ၊ ရှင်မဟာကဿပ ကိုယ်တော်ကို။ ဧတံဝစနံ၊ ဤ ဆို ခဲ့တဲ့။ ဂိလာနပုစ္ဆက၊ လူမမာမေးခြင်း ဆိုတဲ့ စကားတွေကို။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် မေးမြန်းတော် မူခဲ့ပါပေသတည်း။

"သာဓု....သာဓု....သာဓု ပါဘုရား။"

ချစ်သားကဿပရဲ့သန္တာန်မှာ နှိပ်စက်နေတဲ့ ဝေဒနာတွေ ဟာ၊ တိုးတက် တိုးတက်ပြီးတော့ နှိပ်စက်နေသလား။ ဒါမှ မဟုတ်၊ ကျဆင်းကျဆင်းပြီးတော့ ချစ်သားကဿပရဲ့ သန္တာန်

မှာ ဖြစ်ပါရဲ့လား။ ချစ်သားကဿပ ဒီရောဂါကို ကြံ့ကြံ့မှ ခံနိုင်ရဲ့လား၊ ယာပနီယံ၊ မျှမျှတတနေမှ နေနိုင်ပါရဲ့လားလို့ ဘုရားရှင်ကိုယ်တော်မြတ် မေးတော်မူခဲ့တယ်။

## ရှင်မဟာကဿပ၏ အဖြေ

ရှင်မဟာကဿပ ကိုတ်တော်က ဘာ ပြန်လျှောက်တုန်း ဆိုယင်....

န မေ ဘန္တေ ခမနီယံ၊ န ယာပနီယံ၊ ဗာဠှာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ၊ နော ပဋိက္ကမန္တိ၊ အဘိက္ကမောသာနံ ပညာယတိ နော ပဋိက္ကမောတိ။

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ မေ၊ ဘုရား တပည့်တော်သည်။ ခမနီယံ၊ ရောဂါဒဏ် ကြံ့ကြံ့ ခံနိုင်ခြင်းဆိုတာ။ နတ္ထိ၊ မရှိပါဘုရား။ ခမနီယံ၊ ခန့်ခန့် ကျန်းကျန်း တောင့်တောင့်တင်းတင်း သက်သက်သာသာ နေနိုင်တယ်ဆိုတဲ့ သဘောသည်။ န အတ္ထိ၊ မရှိပါဘုရား။ ယာပနီယံ၊ မျှမျှတတ သက်သောင့်သက်သာ နေနိုင်တယ်ဆိုတဲ့ သဘောလဲ တပည့်တော်မှာ။ နတ္ထိ၊ မရှိပါဘုရား။

တပည့်တော်ရဲ့ ရောဂါဝေဒနာသည် သက်သာတယ်လို့ မရှိပါဘူး၊ မျှမျှတတနေလို့ မဖြစ်ပါဘုရား။

ဘန္တေ၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား။ မေ၊ ဘုရားတပည့်တော်ရဲ့။ ဝေဒနာ၊ ကာယိကဒုက္ခလို့ ခေါ် ဆိုအပ်လဲ ဝေဒနာတရားတို့သည်။ အဘိက္ကမန္တိ၊ ရှေ့သို့ တိုးတက် တိုးတက်၍သာ နေပါတော့သည် ဘုရား။ နောပဋိက္က

မန္တိ၊ နောက်ကို ဆုတ်တယ်ရယ်လို့ မရှိကြပါကုန်တော့သည် မြတ်စွာဘုရား။

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ မေ၊ ဘုရားတပည့်တော်ရဲ့ သဏ္ဍာန်မှာ။ ဝေဒနာ၊ ကာယိကဒုက္ခ ဆိုတဲ့ ဝေဒနာတို့ရဲ့။ အဘိက္ကမောသာနံ၊ ရှေ့သို့ တက်ခြင်းက သာလျှင်။ ပညာယတိ၊ ထင်ရှားပါတယ်ဘုရား။ ပဋိက္ကမော သာနံ၊ နောက်သို့ ဆုတ်ခြင်းဆိုတာ။ န ပညာယတိ၊ မထင်ရှား ပါဘုရား။

တပည့်တော်ရဲ့သဏ္ဍာန်မှာ ရောဂါနှိပ်စက် တိုးတက်တာက သာလျှင် ထင်ရှားပါတယ်၊ ရောဂါကျဆင်းတာက မထင်ရှား ပါ ဘုရား။

ဣတိ၊ ဤသို့။ အာယသ္မာ မဟာကဿပေါ၊ ရှင်မဟာ ကဿပကိုယ်တော်သည်၊ ဘဂဝန္တံ၊ ဘုန်းတော် ခြောက်ပါး သခင် သဗ္ဗညု ဘုရားရှင်ကို။ ဧတံ ဝစနံ၊ ဤဆိုခဲ့တဲ့စကား ကို။ အဝေါစ၊ ရွှေနားတော် ကြားအောင် လျှောက်ထား ရှာလေတော့သတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား။"

## လူမမာမေးသူတို့ သတိပြုဖွယ်

ရှင်မဟာကဿပ ကိုယ်တော်ကြီးရဲ့ ဖြေကြားချက်ကို ကြည့်လိုက်ယင်၊ ရောဂါ မသက်သာကြောင်း ဖြေကြားချက် သာလျှင် ဖြစ်ခဲ့ပါတယ်။ တပည့်တော်၏ရောဂါ မသက်သာပါ

ဘုရား၊ ရောဂါဟာ တိုးတက်တိုးတက် နေမှုသာလျှင် ထင်ရှား ပါတယ်။ ကျဆင်းမှု မထင်ပါဘူးဘုရား။

ဒီအခါမှာ ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဂိလာနပုစ္ဆကဆိုတာဟာ ဘုန်းကြီးတို့ ဆန္ဒောဝါဒ သုတ္တန်မှာလဲ ပြောခဲ့ပါတယ်။ လူမမာ မေး လာတယ်ဆိုတာဟာ မေးရုံနဲ့ မပြီးဘူးတဲ့၊ ဝတ္တရားမကျေဘူး၊ မေးရုံကလေးမေးတဲ့ ပုဂ္ဂိုလ်သည် ဝတ္တရား မကျေဘူးတဲ့။ ဘယ်လိုမှ ဝတ္တရားကျေမှာတဲ့လဲ ဆိုယင်။

ဆန္ဒောဝါဒသုတ္တန် ဒီနေရာမှာ ပြန်ဟောအုံးမှ ထင်တယ်။

ဂိလာနပုစ္ဆကတိ ဂိလာနုပတ္တကာ။

ဉပရိပဏ္ဏာသ အဋ္ဌကထာ၊ ဆန္ဒောဝါဒ သုတ္တန်ကို ဖွင့်တဲ့ အဋ္ဌကထာမှာ....။

"လူမပမာမေးဆိုတာဟာ.... ဂိလာနပုစ္ဆကတိ၊ ဂိလာနပုစ္ဆက ဆိုတာဟာ။ ဂိလာနုပတ္ထက၊ ပြုစုတာကို ပြောတာတဲ့။

"မှန်ပါ ဘုရား။"

"မေးတယ်ဆိုလို့ရှိယင် မေးပြီး ပြုစု။ အဲဒါမှ ဝတ္တရား ကျေတယ်။"

"မှန်ပါ ဘုရား။"

"မေးရုံလေးမေးဖြီး ပြန်သွားယင် ဝတ္တရားမကျေသေးဘူး။ အဲ....မေးတဲ့အခါရှိသေး၊ သူတို့မေးကာမှ ရောဂါပိုပိုတိုးသွား တာတောင်ရှိသေးတယ် မဟုတ်လား။"

"မှန်ပါ ဘုရား။"

ဒီတော့ လူမမာမေး ဆိုသည်**တား**....လူမမာ ပြုစုသည်သာ ပဓာန။

## ဘုရားရှင် ဆင်ခြင်တော်မူခြင်း

ဘုရားရှင်ကိုယ်တော်မြတ်က ရှင်မဟာကဿပကို ပြုစုမယ်လို့ စဉ်းစားကြည့်တယ်။ ဒီရောဂါပျောက်အောင် ရှင်မဟာကဿပ ကိုယ်တော်ကို ငါဘယ်လိုလုပ် ပြုစုရမလဲ။ အဲဒီလို စဉ်းစား တော်မူတဲ့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော် မြတ်သည် ရှင်မဟာကဿပကိုယ်တော်ရဲ့သန္တာန်မှာ ဖြစ်နေတဲ့ ရောဂါအခြေအနေကို ကြည့်လိုက်တဲ့အခါကျတော့....

အဆိပ်ပင်က အပွင့်တွေရဲ့ ရနံ့ကို ရှူရှိုက်မိတဲ့အတွက်ကြောင့် မြောက်လေကလေးတသင်းသင်းနဲ့ လိုဏ်ဂူဝင်လာတဲ့ ထိုလေ ကလေးကို ရှူမိလို့ ရှင်မဟာကဿပကိုယ်တော် ရောဂါဖြစ်တာ။ အဆိပ်ပွင့်တွေကို ရှူမိတဲ့အတွက်ကြောင့် ထိုလေဟာ နှလုံး သားကို သွားရိုက်တယ်၊ နှလုံးကို အပြင်ဗဟိဒ္ဓလေ သွားပြီး ရိုက်လိုက်မိတော့ ဖြန်းကနဲဆို အဆိပ်ဓာတ်တွေ အဲဒီအထဲ ပါသွားတယ်။ အာသီဝိသောပမ သုတ္တန်ကြီးရဲ့ အကြောင်း၊ နောက်ပြီးတော့ ခန္ဓသုတ္တန်၊ ဘုန်းကြီးတို့ဟောခဲ့တဲ့ အဟိရာဇ သုတ္တန်မှာနော်။

''မှန်ပါ ဘုရား။''

''အဆိပ်ဆိုတာဟာ အနံ့ထဲမှာလဲ ပါလာတယ် ဆိုတဲ့ အကြောင်းကို ဟိုမှာ ပြောခဲ့ပါတယ်။

''မှန်ပါ့ ဘုရား။''

"ဝါသဝိသ"တဲ့နေ၁်၊ လေထဲမှာ အဆိပ်ပါတယ်။

"မှန်ပါ့ ဘုရား။"

## လေထု ညစ်ညမ်းခြင်းကြောင့်

ဒီကနေ့ သိပ္ပံပညာရှင်တွေက ထိုအကြောင်း ပိုပြီးတောင် ပြောသေး။ ကမ္ဘာ့လေထုဟာ ညစ်ညမ်းနေပြီတဲ့။ ဘာပြုလို့လဲ။ ဘာပြုလို့ညစ်ညမ်းနေတုန်းဆိုတော့ အနုမြူဗုံးတွေ ဖောက်ခဲ့တဲ့ အတွက်ကြောင့် အနုမြူဓာတ်တွေက တခါထဲ လေထုထဲမှာ ပြန့်ပြီးတော့ ကမ္ဘာကြီးကို ရစ်ပတ်ထားတာ ဒီလေကို ရှူရတဲ့ လူတွေဟာ အသက်ရှူဖို့ရာ မလွယ်တော့ဘူး မဟုတ်လား။

"မှန်ပါ့ဘုရား။"

"အနုမြူဗုံးမဖောက်တဲ့မြန်မာပြည်ကျတော့ ဘာပြုလို့ လေထု ညစ်ညမ်းနေသလဲ။ မော်တော်ကားတွေက နောက်က တငြည်းငြည်းနဲ့ အခိုးတွေ လွှတ်ထားခဲ့လို့ မဟုတ်လား ဘုန်းကြီးတို့ ပရိသတ်။"

"မှန်ပါ့ ဘုရား။"

"အဲဒီတော့ ဘုန်းကြီးတို့ပရိသတ်၊ ပြောမယ်ဆိုလို့ရှိယင် တပုံကြီး၊ ဟော ဒီ ထိုင်နေတဲ့ပရိသတ် နှာခေါင်းမှာ သတိထားလိုက်ယင် လာလိမ့်မယ်အနံ့တွေ အမျိုးမျိုး။ အခုဆို ဘုန်းကြီးတောင် ရနေပြီ။"

"မှန်ပါ့ ဘုရား။"

လေထု ဘယ်လောက်ညစ်ညမ်းတယ်ဆိုတာဟာ မြောင်းပုတ်က အနံ့တွေရော၊ ငန်ပြာရည်နံ့တွေရော၊ ငါးပိနံ့တွေရော စုံနေ

တာပဲနော်။ ငါးခြောက်နှံရော၊ အဲဒီလေ ကြပ်ကြပ်ရှူ၊ ဒီလေ တွေ နှလုံးထဲရောက်တော့ နှလုံးက သွေးတွေဟာ လေအားနဲ့ သွားတာ။

"နှလုံးသားထဲက သွေး ဘယ်အားနဲ့ သွားတယ်။"

"လေအားနဲ့ သွားတာပါဘုရား။"

လေအားနဲ့ သွား။ ဗဟိဒ္ဓလေကို ဝမ်းထဲ ရှူထည့်လိုက် တော့ လေ သည် နှလုံးသားကိုသွားပြီး ထိလိုက်လို့ ထိုလေရဲ့ တွန်းကန်မှုကြောင့် သွားနေတဲ့သွေးတွေဟာ ဒီ မကောင်းတဲ့ ရနံ့တွေ ဝင်သွားယင်။

"ဒို့ပရိသတ် ဒီသွေးတွေ ကြည်အိုးမလား။"

"မကြည့်တော့ပါဘုရား။"

"သွေးတွေ နောက်လာတာနဲ့တပြိုင်နက်ထဲ ရောဂါအမျိုး မျိုးပေါ်လာတယ်-နော်။"

"မှန်ပါဘုရား။"

"ဒါဟာ ဘုန်းကြီးတို့ ဘယ်သိပ္ပံပညာဆရာရဲ့ထံကမှ သင် ထားတာမဟုတ်ဘူး။ ပါဠိတော် အဋ္ဌကထာအတိုင်း ပြောနေ တာ။ ဟုတ်လား။"

"မှန်ပါဘုရား။"

## ထွက်လေ ဝင်လေနဲ့ အတူ

ဒါကြောင့်မို့ ဒို့ပရိသတ် အပေါင်း သူတော်ကောင်းတို့ အနေနဲ့လဲ ကြည့်လိုက်စမ်းပါ။ ရှင်မဟာကဿပကိုယ်တော် ကြီးရဲ့ ရောဂါသည် မသန့်ရှင်းတဲ့လေကို ရှူမိလို့ ဖြစ်တဲ့

ရောဂါ။ သူတို့ကတော့ ပြောတယ်၊ လေမသန့်ယင် ရောဂါဖြစ်တယ်၊ ဒီလောက်ပဲပြောတယ်။ လေမသန့်ယင် ဘာရောဂါဖြစ်တယ်၊ အကြောင်းအကျိုး ဘယ်လိုပြောပါဆိုယင် အဲဒီလူတွေ မပြောနိုင်ဘူး။

"ခု ပြောပြီးပြီနော်။ မသန့်ရှင်းတဲ့လေ ရှူထည့်လိုက်တော့ ဘယ်တိုင်အောင် သွားသလဲ၊နှလုံးထိအောင်သွားတယ်-နော်။"

"မှန်ပါ့ဘုရား။"

"အတိအကျ အသေအချာပြောယင် အဲဒီလေဟာ ချက်ထိအောင်ရောက်သွားတယ်။ ထွက်လေ ဝင်လေရဲ့ ရှူရှိုက်တဲ့ အဿာသပဿာသခန်းမှာ ဘုန်းကြီးတို့ ပြောခဲ့ပါပြီ။"

"မှန်ပါ့ဘုရား။"

"ချက်တိုင်ကစပြီး ထွက်လေ ဖြစ်တယ်။ ဝင်လေကလဲ ဟို ချက်တိုင်ရောက်တော့မှ ဆုံးတယ်။ နှလုံးကျော်တောင် သွားသေး မဟုတ်လား။"

"မှန်ပါ့ဘုရား။"

ထိုလေရဲ့ တွန်းကန်အားဖြင့် သွားလာနေတဲ့ နှလုံးက တွန်းလွှတ်တဲ့သွေးတွေဟာ ဒီလေမသန့်ယင် သွေးမကြည်ပါဘူး။ သွေးမကြည်ယင် ရောဂါဖြစ်တယ်။ သွေးက ခြေဖျား ကနေ ဦးနှောက်အထိ လည်နေတာ၊ ဒီသွေးဟာ ဒါကြောင့် ရောဂါဖြစ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ထိုအကြောင်း ကောင်းကောင်းကြီး သိတယ်။

"ဩော်-ချစ်သားကဿပရဲ့ရောဂါဟာ အခိပ်နံ့တွေကို ရှူမိလို့ သွေးမကြည်တဲ့ ရောဂါ။ သွေးမကြည်တဲ့အတွက်ကြောင့်

သွေးလဲ ပျက်တယ်၊ ထိုရန်နဲ့တွေ့ သည်းခြေထဲ ဝင်ပြီးတော့ သည်းခြေလဲပဲ ဖောက်ပြန်တယ်။ ဟုတ်လား။"

"မှန်ပါ့ ဘုရား။"

ဆွမ်းမစားနိုင်တဲ့အတွက်ကြောင့် လေလဲ ဖောက်ပြန်တယ်။ အပြင်ကလေတွေ တအား ပတ်တိုက်ထားတဲ့အတွက်ကြောင့် အတွင်းမှာ အပူတွေလဲ လောင်နေလို့ တေဇောလဲ ဖောက်ပြန်တယ်။ ဖောက်ပြန်တဲ့သဘောတွေ ဘုရား မြင်တော်မူတယ်။

ဒါကြောင့် ရှင်မဟာကဿပကိုယ်တော်မြတ်ရဲ့ ရောဂါ ပျောက်ရေး ငါ ဘယ့်နှယ်လုပ်ပြီးကုရမလဲ ကြည့်တော်မူတော့၊ ထိုသွေးတွေ ကြည်လင် သန့်ရှင်းစေခြင်းအကျိုးငှာ ငါဘုရား ရှင်ကိုယ်တော်မြတ်သည် နည်းပေးမှပဲ၊ သွေးကြည်လင်သန့်ရှင်း ဖို့ရန်အတွက် ဘုရားက နည်းပေးမလို့။

သွေးရဲ့ခလုတ်က နှလုံး၊ ဗုဒ္ဓနည်းအရ စိတ်စေတသိက်တို့ရဲ့ မှီရာသည် နှလုံးနေ၁်၊ ထိုနှလုံးသားမှာ သွေးလဲပဲ တည်တယ်၊ စိတ်စေတသိက်ဆိုတဲ့ မနောဓာတ် မနောဝိညာဏဓာတ်တွေလဲ မှီတယ်။ ထို နှလုံးအိမ်ထဲက သွေးကြည်သွားလို့ရှိယင် တကိုယ် လုံး ရုပ်တွေ အကုန်ကြည်သွားမယ်ဆိုတာ ဘုရားမြင်တော်မူ သဖြင့် ရှင်မဟာကဿပကိုယ်တော်ကြီးကို ဘုရားက ဆေးတိုက် တော့မယ်၊ ဒီအခါမှာ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်က....

ကဿပ၊ ချစ်သားကဿပ။ အဟံ၊ ငါဘုရားသည်။ တေ၊ သင် ချစ်သားကဿပအား။ ဓမ္မံ၊ တရားကို။ ဒေသေဿာမိ၊ ဟောပေတော့အံ့။ တံ ဓမ္မံ၊ ထို ငါဘုရားဟောလတ္တံ့ဖြစ်သော

တရားကို။ သာဓုကံ၊ ကောင်းမွန်စွာ။ သုဏာဟိ၊ နားထောင်ပါလေ။ မနသိကရောဟိ၊ ကောင်းမွန်စွာ နှလုံးသွင်းလိုက်ပါလေတော့လော့။

## ဘုရားရှင် တရားဟောတော်မူပြီ

ဒီလို အမိန့်ချတော်မူပြီးတဲ့အခါကျတော့မှ ရှင်မဟာကဿပကိုယ်တော်ကြီး ညောင်စောင်းက လျောင်းယင်း လက်အုပ်ချီပြီး ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားမယ့် တရားကို နာကြားမယ်လို့ အာရုံယူလိုက်တဲ့အခါ၊ မြတ်စွာဘုရားရှင်တော်မြတ်က....

သတ္တိ မေ ကဿပ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ၊
ဘာဝိတာ ဗဟုလီကတာ၊ အဘိညာယ သမ္ဗောဓာယ၊
နိဗ္ဗာနာယ သံဝတ္တန္တိ။

ကဿပ၊ ချစ်သားကဿပ။ မယာ၊ ငါဘုရားသည်။ သမ္မဒက္ခာတာ၊ ကောင်းစွာ ဟောကြား၍ ထားအပ်ကုန်သော။ သတ္တာ၊ ခုနစ်ပါးကုန်သော။ ဣမေ ဗောဇ္ဈင်္ဂါ၊ ဗောဓိဉာဏ်ရဲ့ အင်္ဂါဖြစ်သော ဤတရားတို့သည်။ ဗောဓိဉာဏ်ရဲ့ အင်္ဂါဖြစ်ကြတဲ့ ဤတရားတို့သည်။ အဘိညာယ၊ သစ္စာလေးပါးကို ထိုးထွင်းပြီးတော့ သိဖို့ရန်အလို့ငှာ။ သမ္ဗောဓာယ၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ် အလို့ငှာ။ နိဗ္ဗာနာယ၊ နိဗ္ဗာန်အလို့ငှာ။ သံဝတ္တန္တိ၊ ဖြစ်ကြလေကုန်၏။

ရှင်မဟာကဿပကိုယ်တော်ကြီး ရောဂါပျောက်ရေးအတွက် ဘုရားရှင်ကိုယ်တော်မြတ်က တိုက်လိုက်တဲ့ ဆေး။ ချစ်သားကဿပ၊ ငါဘုရား ကောင်းစွာ ဟောကြားထားတဲ့ ဤ

ဗောဇ္ဈင်တရား ခုနှစ်ပါးတို့သည် ချစ်သားကဿပလို ပုဂ္ဂိုလ်များ အတွက် ငါဘုရားရဲ့သာသနာတော် ကြည်ညိုမှုခိုနေကြတဲ့ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့အတွက်။

အဘိညာယ=သစ္စာတွေကိုသိဖို့ရန်လဲ ဖြစ်ပါတယ်။

သမ္ဗောဓာယ=မဂ်ဉာဏ် ဖိုလ်ဉာဏ်အတွက်လဲ ဖြစ်ပါတယ်။

နိဗ္ဗာနာယ=နိဗ္ဗာန်အတွက်ဆိုတာလဲ ဖြစ်ပါတယ်။

ဆိုလိုတာက ဗောဇ္ဈင်တရားခုနှစ်ပါး ငါဘုရား ကောင်း ကောင်းဟောထားတယ် ချစ်သားကဿပ၊ ထိုဗောဇ္ဈင်တရားကို ပွားများတဲ့ ပုဂ္ဂိုလ်ဟာ ဘာဝိတာ-တခါထဲ ပွားများရမလား ဆိုတော့ မဟုတ်ဘူး၊ ဗဟုလီကတာ-ထပ်တလဲလဲကို ပွားများ ရမယ်။

"ဆယ်ရက်လောက် အားထုတ်ပြီး တသက်လုံး ဒီအတိုင်း နေရောဆိုတာမျိုး မဟုတ်ဘူးနော်။"

"မှန်ပါဘုရား။"

ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ ထပ်တလဲလဲပွားများရမယ်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ ပွားများကြိုးကုတ် လေ့လာ အားထုတ်ထားကြမယ်ဆိုယင်။ အဘိညာယ၊ သစ္စာတရားသိဖို့ရန် လဲ။ သံဝတ္တန္တိ၊ ဖြစ်ကြပါတယ်။

ဒီ ဗောဇ္ဈင်တရား ခုနှစ်ပါး ကြိမ်ဖန်များစွာပွားထားယင်....

၁။ အဘိညာယ=သစ္စာသိဖို့လဲ ဖြစ်တယ်။

၂။ သမ္ဗောဓာယ=မဂ်ဉာဏ်ရဖို့လဲ ဖြစ်တယ်။

၃။ နိဗ္ဗာနာယ=နိဗ္ဗာန်အတွက်လဲ ဖြစ်တယ်လို့ အကျိုးသုံးမျိုး ဖော်ပြတယ်။

"မှန်ပါဘုရား။"

## ရောဂါပျောက်ရေး ဘုရားရှင်ရဲ့ အမြိုက်ဆေး

ဒါကြောင့် ချစ်သားကဿပ၊ ယခု ဝေဒနာ နှိပ်စက်လို့ ညောင်စောင်း လျောင်းနေရတဲ့ အချိန်မှာ၊ ချစ်သားကဿပ ငါဘုရား ကောင်းကောင်းဟောထားတဲ့ ထို ဗောဇ္ဈင်တရားတွေကို ချစ်သားကဿပ နှလုံးသွင်းပါတဲ့။ ဘုရားတိုက်တဲ့ ဆေးက ဘယ်ဆရာဝန်ထံကမှ မယူခဲ့ဘူးနော်။

"မှန်ပါဘုရား။"

ဗောဇ္ဈင်တရားခုနစ်ပါးသည် ရောဂါပျောက်ရေးအတွက် အကောင်းဆုံး ဆေးကောင်း တခွက်ပဲလို့ တိုက်လိုက်တယ်။ ချစ်သားကဿပ၊ ငါဘုရား ဟောထားတဲ့ ဒီ ဗောဇ္ဈင်တွေကို နှလုံးသွင်းပေတော့။ ဒါ ချစ်သားအတွက် ဆေးပဲ။

ကတမေ သတ္တ၊ ထို ဗောဇ္ဈင်တရားခုနစ်ပါးတို့ဆိုတာ ဘာတွေတဲ့တုန်းဆိုယင်....

သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ကဿပ၊ ချစ်သားကဿပ။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိသမ္ဗောဇ္ဈင်ကို။ မယာ၊ ငါဘုရားသည်။ သမ္မဒက္ခာတော၊ ကောင်းစွာ ဟောအပ်ပေ၏။

ငါဘုရားဟောထားတဲ့ ဗောဇ္ဈင်တရား ခုနစ်ပါးတို့အနက်၊ သတိဆိုတာဟာလဲ ဗောဇ္ဈင်တပါးပါပဲ။

"သတိဆိုတဲ့စေတသိက်ကလေးဟာ ဗောဇ္ဈင်ဖြစ်တယ်နော်"

"မှန်ပါဘုရား။"

"ဗောဇ္ဈင်ဆိုတာ ဗောဓိဉာဏ်ရဲ့ အင်္ဂါအစိတ်အပိုင်း။ ဗောဇ္ဈင်ဆိုတဲ့အဓိပ္ပါယ် လွယ်လွယ်မှတ်လိုက်စမ်း။ ဗောဓိဉာဏ်ရဲ့ အင်္ဂါနော်။"

"မှန်ပါဘုရား။"

ဗောဓိဉာဏ်ဆိုတာ ဘာတဲ့တုန်း ဆိုယင် မဂ်ဉာဏ်ကို ခေါ်တယ်။

"ဗောဓိဉာဏ်ဆိုတာ။"

"မဂ်ဉာဏ်ကို ခေါ်တာပါဘုရား။"

"ထို မဂ်ဉာဏ်ရဲ့အင်္ဂါများကို ဘာခေါ်ရမယ်။ .... ဗောဇ္ဈင်လို့ခေါ်။"

"မှန်ပါဘုရား။"

## စာလုံးပေါင်း မမှားကြနဲ့

ဒီနေရာမှာ ဗောဇ္ဈင်ကို ဘောဇဉ်လို့ သွားမလုပ်နဲ့။ ဘောဇဉ်ဆို စားစရာ ဖြစ်သွားမယ်။ ဘကုန်းနဲ့ရေးတဲ့ ဘောဇဉ်က စားစရာ၊ ဟောဒီ ဗောဇ္ဈင်ဆိုတာက ဘထက်ချိုင့်နဲ့ရေးရတယ်၊ ဇကွဲ(ဇ)နဲ့ ဈမျဉ်းဆွဲ(ဈ)ဆင့်။ "ဟုတ်လား။"

"မှန်ပါဘုရား။"

အဲ....အဲဒါလဲ မှန်အောင်လုပ်ထားအုံး၊ တချို့ ပြောတာ ကြားကြားနေတယ်။ ဘောဇဉ်တဲ့။ တိပ်ခွေတခွေမှာ ရေးထားတာကိုတောင် တွေ့ခဲ့သေး။ “ဘောဇဉ်သုတ်” တဲ့ တိတ်ခွေတခွေမှာရေးထားတာ အဲဒါ တွေ့ခဲ့တယ်။ ဘယ်ဆိုင်ကလို့တော့ ကိုယ်မပြောလိုဘူး၊ ရှာကြပေရော့။ ဘောဇဉ်သုတ်ဆိုတော့ ကိုယ့်ဘာများပါလိမ့်လို့ ကြည့်လိုက်တယ်။ နားထောင်ကြည့်တော့ ဗောဇ္ဈင်သုတ် ဟောထားတာဖြစ်နေတယ်နော်။

“မှန်ပါ့ဘုရား။”

အဲဒါကြောင့် ဗောဇ္ဈင်ဆိုတာက ဗောဓိဉာဏ်ရဲ့အင်္ဂါ၊ ဗောဓိဉာဏ်ရဖို့ရန် အင်္ဂါအစိတ်အပိုင်းလေးများကို ဗောဇ္ဈင်္ဂလို့ ခေါ်ပါတယ်။ ဒါကြောင့်....

## ‘သတိ’ ဟူသည့် ဆေး

ကဿပ၊ ချစ်သားကဿပ။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိဆိုတဲ့ သမ္ဗောဇ္ဈင်ကို။ မယာ၊ ငါဘုရားသည်။ သမ္မာ၊ ကောင်းစွာ။ အက္ခာတော၊ ဟောကြား၍ထားအပ်ပါပြီ။ သောသတိသမ္ဗောဇ္ဈင်္ဂေါ၊ ထို ကောင်းစွာဟောကြားထားတဲ့ သတိသမ္ဗောဇ္ဈင်ကို။ ဘာဝိတော၊ ပွားများခဲ့မယ်ဆိုယင်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာလေ့လာခဲ့မယ်ဆိုယင်။ အဘိညာယ၊ သစ္စာကို သိဖို့ရန်လဲပဲ။ သံဝတ္တတိ၊ ဖြစ်ပါ၏။ သမ္ဗောဓာယ၊ မဂ်ဉာဏ်ကို ရဖို့ရာလဲ။ သံဝတ္တတိ၊ ဖြစ်ပါ၏။ နိဗ္ဗာနာယ၊ နိဗ္ဗာန်ရဖို့ရာလဲ။ သံဝတ္တတိ၊ ဖြစ်ပါ၏။

"ရောဂါ နှိပ်စက်နေတဲ့ ရှင်မဟာ ကဿပ ကိုယ်တော်ကို ဘုရားရှင် ကိုယ်တော်မြတ်က ဟောဒီ သတိသမ္ဗောဇ္ဈင်ကို "ချစ်သား....နာနာပွား" လို့ မတိုက်တွန်းဘူးလား။"

"တိုက်တွန်းပါတယ်ဘုရား။"

"ရောဂါနှိပ်စက်နေတဲ့ အချိန်၊ ဒုပ္ပရိသတ် နေရမှာက သတိနဲ့ နေရမယ်။"

"မှန်ပါ့ဘုရား။"

"ဘုရားပေးတဲ့ဆေးက 'သတိ'၊ ဘုရားပေးတဲ့ဆေး ဘာပါလိမ့်။"

"သတိပါဘုရား။"

"အဲဒီ ဘုရားပေးတဲ့ 'သတိ'ဆေး ကျကျနနသောက်တဲ့ ပုဂ္ဂိုလ်တွေ ရောဂါပျောက်တယ်ဆိုတာ ရှင်မဟာကဿပတို့၊ ရှင်မောဂ္ဂလ္လာန်တို့ရဲ့ထုံးက သာဓကပြတယ်။"

"မှန်ပါ့ဘုရား။"

'သတိ' ဆိုတာကို ချစ်သား ထပ်တလဲလဲ လေ့လာပွားများပြီးတော့ နေလိုက်စမ်းပါ။ သတိသမ္ဗောဇ္ဈင်ကို ထပ်ခါထပ်ခါ ပွားများပြီးတော့ နေလိုက်စမ်းပါ။ သတိက ဘယ်အပေါ် ပွားရသလဲဆိုတော့။

**သတိကို ဘယ်အပေါ်မှာ ထားရမလဲ**

(၁) ကာယပေါ်မှာ
(၂) ဝေဒနာပေါ်မှာ
(၃) စိတ်ပေါ်မှာ
(၄) ဓမ္မပေါ်မှာ

"ထိုလေးဌာန၊ တဌာနနှမှာ သတိလွှတ်ထားလိုက်ယင် သတိသမ္ဗောဇ္ဈင် မဖြစ်ဘူးလား။"

"ဖြစ်ပါတယ်ဘုရား။"

သတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းတွေကို ဆက်နေအုံးမယ်ဆိုယင်၊ ဘုန်းကြီးတို့ပရိသတ်ရေ ဟောဒီ ဂိလာနသုတ္တန်ကြီးမဆုံးပဲ သတိတလုံးနဲ့ပဲ လေး ငါး ည ဖြစ်တော့မှာ။

"မှန်ပါ ဘုရား။"

သတိသမ္ဗောဇ္ဈင် ဖြစ်ခြင်းရဲ့ အကြောင်းများကို ဝိသုဒ္ဓိမဂ်က ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ပြီးသား ရှိတယ်။ ဒီသုတ္တန်ထဲတော့ စကိုမစနဲ့ ချန်ခဲ့မှ ဖြစ်မယ်။ တော်တော်ကြာ သိပ်ရှည်လျားသွားမယ်နော်။

"မှန်ပါဘုရား။"

"ဗောဇ္ဈင် တိုးပွားခြင်းရဲ့ အကြောင်းများ ဆိုပြီးတော့ သီးသန့် အဆင်သင့်တဲ့အခါ သူ့ကို သီးခြားသပ်သပ် သီးသန့်သူ့ကို တခါဟောမှ ဖြစ်မယ်နော်။"

"မှန်ပါဘုရား။"

"ကာယပေါ်မှာ သတိလွှတ်ထား၊ ဘယ်ပေါ် သတိလွှတ်"

"ကာယပေါ်မှာ လွှတ်တာပါ ဘုရား။"

"ရူပကာယ၊ နာမကာယနှစ်မျိုးတို့တွင် ရှင်မဟာကဿပရဲ့သဏ္ဍာန်မှာဖြစ်နေတဲ့ ရောဂါကရူပကာယမှာဖြစ်တာ။ ရုပ်တရားဖောက်ပြန်တော့ ရောဂါ။"

"မှန်ပါဘုရား။"

ဒါကြောင့် ရုပ်ဖောက်ပြန်တော့ ရောဂါဆိုတဲ့ အတွက် ကြောင့် အဲဒီ ဖောက်ပြန်တဲ့ ရုပ်ပေါ်မှာ သတိ လွှတ်ထား လိုက်တယ် ဆိုလို့ရှိယင်....

"ပရိသတ်ရေ၊ ဒါ ဗောဇ္ဈင်မနေလား။"

"ဗောဇ္ဈင်ပါဘုရား။"

## ရဟန္တာများ ဗောဇ္ဈင်ပွားစရာ လိုသေးသလား

ဒါကြောင့်....

ကဿပ၊ ချစ်သား ကဿပ။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ အဲဒီ သတိဆိုတဲ့ သမ္ဗောဇ္ဈင်ကိုလဲ။ မယာ၊ ငါဘုရားသည်။ သမ္မာ၊ ကောင်းစွာ။ အက္ခာတော၊ ဟောကြား၍ ထားအပ်ပေ၏။ သော သတိသမ္ဗောဇ္ဈင်္ဂေါ၊ ထို သတိဆိုတဲ့ သမ္ဗောဇ္ဈင်သည်။ ဘာဝိတော၊ ပွားအပ်သည်ရှိသော်။ ဗဟုလီကတော၊ ကြိမ်ဖန် များစွာ လေ့လာထားခဲ့မယ်ဆိုယင်။ အဘိညာယ၊ သစ္စာ သိဖို့ရန်လဲပဲ။ သံဝတ္တတိ၊ ဖြစ်ပါတယ်။

"မသိသေးတဲ့ ပုဂ္ဂိုလ်အတွက် သိဖို့ပေါ့နော်။"

"မှန်ပါဘုရား။"

"သိပြီး ပုဂ္ဂိုလ်များ အတွက်တော့ ဒိဋ္ဌဓမ္မသုခ အတွက် ဖြစ်တယ်။ သစ္စာတွေကိုသိပြီး ပုဂ္ဂိုလ်များ အတွက်တော့ ဒိဋ္ဌဓမ္မသုခအတွက် ဒါ ထပ်ပွားရမယ်။"

"မှန်ပါဘုရား။"

"သစ္စာ မသိသေးတဲ့ ပုဂ္ဂိုလ်တွေ အတွက်တော့ သစ္စာကို သိဖို့ရန် ပွားများရမယ်။"

"မှန်လှပါဘုရား။"

"ရဟန္တာတွေ ဗောဇ္ဈင် ပွားစရာ လိုသေးသလားဆိုတဲ့ အမေးကို ဒီအတိုင်း ဖြေလိုက်။"

"မှန်ပါဘုရား။"

ဘာအတွက်ကြောင့် ရဟန္တာတွေ ဗောဇ္ဈင် ပွားရသလဲ ဆိုယင် ဒိဋ္ဌဓမ္မသုခအတွက် ပွားပါတယ်။

"မှန်ပါဘုရား။"

"လက်တွေ့ ချမ်းသာခံစားရရှိရေးအတွက် နော်။"

"မှန်ပါဘုရား။"

မယာ သမ္မဒက္ခာတော၊ ငါဘုရားကောင်းစွာ ဟောကြား အပ်သော။ သော သတိသမ္ဗောဇ္ဈင်္ဂေါ၊ ထို သတိသမ္ဗောဇ္ဈင် ကို။ ဘာဝိတော၊ ချစ်သား ပွားထားမယ်ဆိုယင်။ ဗဟု လီကတော၊ ကြိမ်ဖန်များစွာ လေ့လာထားမယ်ဆိုယင်။ အဘိ ညာယ၊ သစ္စာ သိဖို့ရန်လည်းကောင်း။ သမ္ဗောဓာယ၊ မဂ် ဉာဏ်ကို ရဖို့ရန်လည်းကောင်း။ နိဗ္ဗာနာယ၊ နိဗ္ဗာန်ကို မျက် မှောက်ပြုဖို့ရန် အလို့ငှာလည်းကောင်း။ သံဝတ္တတိ၊ ဖြစ်ပါ၏။

"သတိသမ္ဗောဇ္ဈင်တပါး။ ကာယ ပေါ်မှာ၊ ဝေဒနာ ပေါ်မှာ၊ စိတ္တပေါ်မှာ၊ ဓမ္မပေါ်မှာ 'သတိ' လွှတ်ပြီး ထား လိုက်စမ်း၊ နော်။"

"မှန်ပါဘုရား။"

ရူပကာယပေါ်မှာ ဒီသတိ တင်လိုက်တာနဲ့ တပြိုင်နက်ထဲ ရူပကာယ၊ ရုပ်ရဲ့ ဖောက်ပြန်ပုံတွေ၊ တွေ့မလာဘူးလား။"

"တွေ့လာပါတယ်ဘုရား။"

"သတိ တင်ထားလိုက်လို့ ရုပ်ရဲ့ဖောက်ပြန်ပုံတွေ ထင်ရှား လာပြီ။"

"မှန်ပါဘုရား။"

## ဓိစစ်တဲ့ ပညာဟူသည်ဆေး

နောက်တခါ....

ကဿပ၊ ချစ်သားကဿပ။ မယာ၊ ငါဘုရားသည်။ ဓမ္မ ဝိစယ သမ္ဗောဇ္ဈင်္ဂေါ၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင် ဆိုတာကိုလဲပဲ။ သမ္မာ၊ ကောင်းစွာ။ အက္ခာတော၊ ဟောကြား၍ ထားအပ် ပေ၏။ သော ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ၊ ထို ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကိုလဲပဲ။ ဘာဝိတော၊ ချစ်သား ပွားများထားမယ် ဆိုယင်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ လေ့လာ ပွားများ ထားမယ်ဆိုယင်။ အဘိညာယ၊ သစ္စာကို သိဖို့ရန်လည်းကောင်း။ သမ္ဗောဓာယ၊ မဂ်ဉာဏ်ကို ရဖို့ရန်လည်းကောင်း။ နိဗ္ဗာနာယ၊ နိဗ္ဗာန်ကို ရဖို့ရန်လည်းကောင်း။ သံဝတ္တတိ၊ ဖြစ်ပါလိမ့်မယ်။

သတိတင်ပြီးတဲ့အခါကျတော့၊ ရုပ်တရားရဲ့ ဖောက်ပြန်ပုံ သတိတင်လို့ ထင်လာတဲ့အခါမှာ၊ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတဲ့ပညာ ကို ထည့်လိုက်။

"ဘာ ထည့်လိုက်ရမယ်။"

"ဓမ္မဝိစယသမ္ဗောဇ္ဈင်ပါ ဘုရား။"

"ဓမ္မဝိစယသမ္ဗောဇ္ဈင်တဲ့....ရုပ်တရားရဲ့သဘာဝနဲ့ သာမညကို စိစစ်တဲ့ဉာဏ်သည် ဓမ္မဝိစယခေါ်တယ်။"

"မှန်လှပါ ဘုရား။"

"ရောဂါဆိုတာ ရုပ်ကို ဆိုတယ်။ အဲဒီရုပ်ကို စိစစ်ရမယ် မဟုတ်လား။"

"မှန်ပါ ဘုရား။"

"ဒီရုပ်တရား ဘာကြောင့်ဖောက်ပြန်တာလဲ အကြောင်းရှာ။ ရုပ်ဖောက်ပြန်တယ်ဆိုတာ ဘယ်လိုလဲ၊ လက္ခဏာကို မိအောင်ဖမ်း။"

"မှန်ပါ့ ဘုရား။"

"လက္ခဏာကိုမိတော့ ရုပ်ရဲ့ဖောက်ပြန်ပုံ သိပြီဆိုယင် နှိပ်စက်ပုံ တဆင့်တက်ကြည့်၊ အဲဒါတွေဟာ စိစစ်တဲ့ဉာဏ်ဦးစီးတဲ့ အလုပ်။"

"မှန်ပါ့ ဘုရား။"

"ရုပ်ဓမ္မရဲ့သဘာဝနဲ့ သာမညကို စိစစ်တဲ့ဉာဏ်သည် ဗောဇ္ဈင်ခေါ်တယ်။"

"မှန်လှပါ ဘုရား။"

"ဓမ္မဝိစယသမ္ဗောဇ္ဈင်ပါတဲ့- ဟုတ်ပြီနော်။"

"မှန်ပါ ဘုရား။"

အဲဒီ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ချစ်သား ငါဘုရားကောင်းကောင်း ဟောထားတာ ရှိတယ်။ ချစ်သားကဿပ၊ ရုပ်ဓမ္မနဲ့ သာမညလက္ခဏာတွေကို ချစ်သား စိစစ်ပေတော့။ အဲဒီလို....

ဘာဝိတော၊ ပွားများထားမယ်ဆိုယင်။ ဗဟုလီကတော၊ တကြိမ်ထဲသာလျှင် စိစစ်ရမှာမဟုတ်ပဲ ထပ်တလဲလဲ စိစစ်ပြီး တော့ နေခဲ့မယ်ဆိုယင်။ သောဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ၊ ထို ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတဲ့ တရားသည်။ အဘိညာယ၊ သစ္စာ ဉာဏ်ကို ရဖို့ရန်အလို့ငှာလည်းကောင်း။ နိဗ္ဗာနာယ၊ နိဗ္ဗာန် အလို့ငှာလည်းကောင်း။ သံဝတ္တတိ၊ ဖြစ်ပါလိမ့်မယ်။

"ရှင်မဟာကဿပကို မြတ်စွာဘုရား ဆေးတိုက်နေလိုက်တာ သတိနဲ့ပညာတော့ ရုပ်ပေါ်မှာ ရောက်သွားပြီနော်။"

"မှန်ပါ ဘုရား။"

## အားထုတ်မှုဟူသည့် ဆေး

"သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ နောက်နားက ဝီရိယသမ္ဗောဇ္ဈင်လာတယ် မဟုတ်လား။"

"မှန်ပါ ဘုရား။"

ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ချစ်သားကဿပ၊ အဲဒီ သတိနဲ့ ပညာကို ဝီရိယဆိုတဲ့အားပေး မှုဆိုတာကိုလဲပဲ မလျှော့လိုက်ပါနဲ့။ သတိကောင်းကောင်း ကြီး ထင်ရှားဖို့ရန် ဝီရိယရဲ့အားပေးမှု၊ ပညာရဲ့ စူးစူးစိုက်စိုက် ရှုမှတ်ဖို့ရန်အတွက်။

"ဝီရိယရဲ့အားပေးမှု မလိုဘူးလား။"

"လိုပါတယ် ဘုရား။"

"ထိုဝီရိယဟာလဲပဲ မဂ်ဉာဏ်ရဲ့ အင်္ဂါအစိတ်အပိုင်းမို့ သူ့ကို ဝီရိယသမ္မောဇ္ဈင်ခေါ်တယ်။"

"မှန်ပါ ဘုရား။"

"ဝီရိယမလိုဘူးဆိုယင်၊ ဗောဇ္ဈင်တရားတောင် ခြောက်ပါး ထဲ ကျန်မှာ။"

"မှန်ပါ ဘုရား။"

"ဝီရိယလိုတယ်နော်။"

"လိုပါတယ် ဘုရား။"

ကဿပ၊ ချစ်သားကဿပ။ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊ အဲဒီ ဝီရိယသမ္မောဇ္ဈင်ကိုလဲပဲ။မယာ၊ ငါဘုရားသည်။သမ္မဒက္ခာတော၊ ကောင်းစွာ ဟောထားအပ်၏။ သောဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊ ထို ဝီရိယလို့ခေါ်တဲ့ သမ္မောဇ္ဈင်သည်။ ဘာဝိတော၊ ပွားများခဲ့မယ် ဆိုယင်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ လေ့လာထားခဲ့မယ် ဆိုယင်။ အဘိညာယ၊ သစ္စာကို သိဖို့ရန်လည်းကောင်း။ သမ္ဗော ဓာယ၊ မဂ်ဉာဏ်ရဖို့ရန်လည်းကောင်း။ နိဗ္ဗာနာယ၊ နိဗ္ဗာန် အလို့ငှာလည်းကောင်း။ သံဝတ္တတိ၊ ဖြစ်ပါလိမ့်မယ်။

ဒါကြောင့် ချစ်သားကဿပ၊ ဝီရိယကိုလဲပဲ တင်ပြီးတော့ ထားပါ။"

"အားမလျှော့နဲ့တဲ့နော်။"

"မှန်ပါ ဘုရား။"

"ရောဂါနှိပ်စက်၊ သေယျာ-ညောင်စောင်း လဲလျောင်းနေရတဲ့အချိန်၊ ငါတော့ ဒီတောင်ကကျော်မှာ မဟုတ်ပါဘူးလို့ အားမလျော့နဲ့ ဘုန်းကြီးတို့ပရိသတ်များ။"

"မှန်ပါ ဘုရား။"

"ဘုရားက ဝီရိယသမ္ဗောဇ္ဈင် အဲဒီအချိန် နှာနှာပွားပေးတဲ့။ အားတင်းပေးထားတဲ့။"

"မှန်ပါ့ ဘုရား။"

"ဝီရိယ တင်ပေးထားတော့ သတိလဲ တက်လာတယ်၊ ပညာတွေလဲပဲ တက်လာတယ်။"

"မှန်ပါ့ဘုရား။"

"ဝီရိယ တင်ပေးလိုက်လို့ တက်လာတဲ့ သတိက၊ရုပ်ဓမ္မကြီးရဲ့ ဖောက်ပြန်ပုံကို ဖော်ထုတ်ပေးလိုက်လိမ့်မယ်။"

"မှန်ပါ့ဘုရား။"

"ပေါ်လွင်လာတဲ့ ထိုရုပ်ဓမ္မရဲ့ ဖောက်ပြန်ပုံတွေကို ပညာက စိစစ်သွားလိမ့်မယ်နော်။"

"မှန်ပါ့ဘုရား။"

"ဗောဇ္ဈင်သုံးလုံးဝင်သွားရော မဟုတ်လား"

"ဝင်သွားပါပြီဘုရား။"

**တည်ကြည်ငြိမ်သက်မှုဟူသည့်ဆေး**

"ဝီရိယသမ္ဗောဇ္ဈင်ရဲ့ နောက်နား ဘာလာလဲ။ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်ခဏထား၊ ဘုန်းကြီးက သမာဓိကို ကျော်လိုက်ချင်တယ်။"

"မှန်ပါ့ဘုရား။"

သမာဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

"ကျော်မယ်ဆိုတာက မဟောပဲနဲ့ ကျော်ပစ်ခဲ့မှာ မဟုတ်ဘူး။ ဘုန်းကြီးသဘောကျ ဆက်စပ်လို့ ကောင်းလို့။"

"မှန်ပါ့ဘုရား။"

ကဿပ၊ ချစ်သားကဿပ။ သမာဓိသမ္ဗောဇ္ဈင်္ဂေါ၊ သမာဓိဆိုတဲ့သမ္ဗောဇ္ဈင်ကိုလဲပဲ။ မယာ၊ ငါဘုရားသည်။ သမ္မဒက္ခာတော၊ ကောင်းစွာ ဟောအပ်ပေပြီ။သော သမာဓိသမ္ဗောဇ္ဈင်္ဂေါ၊ ထိုသမာဓိသမ္ဗောဇ္ဈင်ကို။ ဘာဝိတော၊ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ် ထားမယ်ဆိုယင်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ လေ့လာထားခဲ့မယ် ဆိုယင်။ အဘိညာယ၊ သစ္စာကို သိဖို့ရန်လည်းကောင်း။ သမ္ဗောဓာယ၊ မဂ်ဉာဏ်ရဖို့ရန်လည်းကောင်း။ နိဗ္ဗာနာယ၊ နိဗ္ဗာန်အလို့ငှာလည်းကောင်း။ သံဝတ္တတိ၊ ဖြစ်ပါလိမ့်မယ်။

သမာဓိ သမ္ဗောဇ္ဈင် ကြပ်ကြပ်ကြီး ပွားထားတဲ့ ပုဂ္ဂိုလ်သည်....

(၁) သစ္စာကိုလဲ သိနိုင်တယ်။

(၂) မဂ်ဉာဏ်ကိုလဲ ရနိုင်တယ်။

(၃) နိဗ္ဗာန်ကိုလဲ ရနိုင်တယ်။

"အကျိုးတရား မဖော်ပြဘူးလား။"

"ဖော်ပြပါတယ်ဘုရား။"

ဝီရိယ တင်ပေးလိုက်တဲ့ အခါကျတော့ သတိက ရုပ်ဓမ္မရဲ့ ဖောက်ပြန်ပုံကို ထင်ရှားစေခဲ့တယ်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတဲ့ ပညာက ရုပ်ဓမ္မရဲ့လက္ခဏာတွေကို စိစစ်နေတယ်။

"အလုပ်ကလေးတွေ သူ့အလုပ်သူလုပ် နေကြပြီနော်။"

"မှန်ပါဘုရား။"

အဲဒီအချိန် ရုပ်ဓမ္မရဲ့လက္ခဏာ၊ ရုပ်ဓမ္မရဲ့ သဘာဝ နဲ့ သာမညလက္ခဏာ၊ နှစ်ဌာနရှိတဲ့အပေါ်မှာ ဒီတရားနာပရိသတ်ရဲ့ စိတ်၊ ရောဂါဝေဒနာ နှိပ်စက်နေတဲ့ လူမမာရဲ့ စိတ်တို့သည်၊ ရုပ်ဖောက်ပြန်နေတဲ့ အပေါ်မှာ ငြိမ်ပြီးတော့ ဝင်လာပြီဆိုတဲ့ အခါကျတော့ သမာဓိသမ္ဗောဇ္ဈင်။

"မှန်လှပါဘုရား။"

## ဘယ်လို တည်ကြည် ငြိမ်သက်ပုံမျိုးလဲ

"ရုပ်ဓမ္မရဲ့ ဖောက်ပြန်နှိပ်စက်ပုံ ဒီရုပ်ပေါ်မှာ ငြိမ်လာတဲ့ အခါ ဘာ ဗောဇ္ဈင်ပါလိမ့်။"

"သမာဓိသဗောဇ္ဈင်ပါဘုရား။"

"ပထမတော့ ငြိမ်သက်မှုလေးဟာ ရတချက် မရတချက်၊ ရသလိုလိုနဲ့ တော်ကြာ လွတ်ထွက်သွားလိုက်၊ ရတော့မလိုလိုနဲ့ လွင့်ထွက်သွားလိုက် ဒီလို မနေဘူးလား။"

"နေပါတယ်ဘုရား။"

"ရတချက် မရတချက် ဖြစ်နေရာကနေပြီးတော့ ငြိမ်တချက် မငြိမ်တချက် ဖြစ်နေရာက နေပြီးတော့ ငြိမ်တယ်, ငြိမ်တယ်

ဆိုတဲ့ သဘောလေးက ရုတ်တရက် ဖြစ်လာ လိုက်ယင် ဟုတ်လား။"

"မှန်ပါဘုရား။"

ငြိမ်သက်တဲ့ သမာဓိ စေတသိက်ကလေးတွေ ဆက်တိုက် ဆက်တိုက် ဖြစ်လာခဲ့ယင် သမာဓိဟာ တတန်းထဲချည်း ကျသွားတဲ့အတွက် ဖြစ်ပေါ်လာတဲ့ သမာဓိကို အဲဒါကို ပဗန္ဓ သမာဓိတဲ့။

"မှန်လှပါဘုရား။"

စောစောက ငြိမ်သက်မှုလေး ရတချက် မရတချက်နေတယ်။ ငြိမ်သက်မှုလေး ရလိုက်တဲ့အခိုက်မှာ သမာဓိကလေး ခဏလေး ဖြစ်လို့ ဘာသမာဓိ ခေါ်မလဲ။ ငြိမ်သက်မှုကလေး ခဏလေး ရလိုက်တော့....

"ခဏိက သမာဓိပါဘုရား။"

"အေး....အဲဒီ ခဏိကသမာဓိလေး ပြောချင်တာ။"

"မှန်ပါဘုရား။"

"အရပ်ပြောလေး ပြောတော့ ခဏတဖြုတ် ငြိမ်တယ်၊ ဟုတ်လား၊ ဘာ သမာဓိခေါ်မလဲ။"

"ခဏိက သမာဓိပါဘုရား။"

"သမာဓိက ရတော့ နေလိုက်တယ်၊ တော်တော်ကြာ ပြေပြန်ရော၊ အဲဒီ ရလိုက်တဲ့ အခိုက်ဟာ အဲဒါ ခဏိက သမာဓိပေါ့။"

"မှန်ပါဘုရား။"

ထိုခဏလေးတွေ တလုံးပြီးတလုံး တလုံးပြီးတလုံး ဆက်ဆက်သွားတဲ့ အခါကျတော့ သမာဓိတွေ ဆက်ပြီးတော့ တန်းလာပြီတဲ့၊ ဒီစိတ် ဘယ်မှ မပြေးတော့ဘူး၊ ချည်မိတုပ်မိပြီ၊ ထိုအခါ ပဗန္ဓသမာဓိ။

"ဟုတ်ပလား။"

"မှန်ပါ့ဘုရား။"

"သတိရယ်၊ ပညာရယ်၊ ဝီရိယရယ်၊ သမာဓိရယ်၊ သမ္ဗောဇ္ဈင်(၄)လုံး ဝင်သွားပြီ။"

"မှန်ပါဘုရား။"

"အဲဒီ သတိကို ဝီရိယက အားပေးရမယ်။ ပညာကိုလဲပဲ ဝီရိယက အားပေးရမယ်။ ဒီသမာဓိမပျက်အောင်လဲ ဝီရိယက အားပေးရမယ်။ ထောက်ပံ့ရမယ်....နော်။"

"မှန်ပါဘုရား။"

ဒါကြောင့် ဝီရိယစေတသိက်သည် ပဂ္ဂဟ ကိစ္စ သာမေတိ၊ တဲ့၊ ထောက်ပံ့တဲ့ ကိစ္စကို သူက လုပ်တယ်တဲ့။

"ဗောဇ္ဈင် ဘယ်နှစ်လုံး ဝင်သွားပြီလဲ။"

"လေးလုံး ဝင်သွားပါဘုရား။"

ဒါကြောင့်....

ကဿပ၊ ချစ်သားကဿပ။ သမာဓိ သမ္ဗောဇ္ဈင်္ဂေါ၊ သမာဓိဆိုတဲ့ သမ္ဗောဇ္ဈင်ကိုလဲပဲ။ မယာ၊ ငါဘုရားသည်။ သမ္မဒက္ခာတော၊ ကောင်းစွာ ဟောအပ်ပါ၏။ သော သမာဓိ သမ္ဗောဇ္ဈင်္ဂေါ၊ ထိုကဲ့သို့ ငါဘုရား ကောင်းစွာ ဟောကြား

ထားတဲ့ သမာဓိ သမ္ဗောဇ္ဈင်ကို။ ဘာဝိတော၊ ချစ်သား ထပ်တလဲလဲ ပွားများ ထားမယ်ဆိုယင်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ လေ့လာထားမယ် ဆိုယင်။ အဘိညာယ၊ သစ္စာတရား သိဖို့ရန် အလို့ငှာလည်းကောင်း။ သမ္ဗောဓာယ၊ မဂ်ဉာဏ်ကို ရဖို့ရန်လည်းကောင်း။ နိဗ္ဗာနာယ၊ နိဗ္ဗာန်အလို့ငှာ လည်းကောင်း။ သံဝတ္တတိ၊ ဖြစ်ပါလိမ့်မယ်။

## ခက်လို့မလုပ်ယင် ဘယ်တော့မှ မဖြစ်

နောက်တခါ ဘုရားရှင် ကိုယ်တော်မြတ်က ဝီရိယ, သတိ, သမာဓိ, ပညာ, ဗောဇ္ဈင်လေးလုံး ဝင်သွားပြီဆိုတဲ့ အချိန် ကြည့်လိုက်။ ဘုန်းကြီးတို့ ပရိသတ်များ ရှင်မဟာကဿပလို ရဟန္တာများ အနေနဲ့တော့ မခက်ဘူးပေါ့ဗျာ။

"မှန်ပါဘုရား။"

ပုထုဇဉ်သမားတွေ အနေနဲ့တော့ ဒါဟာ တော်တော်ခက် တဲ့ လုပ်ငန်းတခုပဲ။"

"မှန်ပါဘုရား။"

"ခက်တယ် ဆိုပြီးတော့ လက်မြှောက် အရှုံးပေးမယ် ဆိုယင်လဲ အဲဒီ ခက်တယ်ဆိုတဲ့ဟာကို ဘယ်တော့မှ လုပ်တတ် မှာ မဟုတ်တော့ဘူး။"

"မှန်ပါဘုရား။"

"ခက်တဲ့ကိစ္စကို အဲဒါကြိုးစားပြီး လုပ်မယ်ဆိုယင် နောက် တော့ အဲဒါ လွယ်သွားရောနော်။"

"မှန်ပါဘုရား။"

အဲဒီနေရာမှာ အားပေးတဲ့ ပဂ္ဂဟာကိစ္စ၊ ဝီရိယတရားဟာ အရေးကြီးပါတယ်။

"မှန်ပါဘုရား။"

"မဖြစ်သေးတဲ့ အကုသိုလ်တွေကို မဖြစ်အောင်ဟဲ့၊ သံသရာ တလျှောက်လုံး လုပ်ခဲ့မိတဲ့ အကုသိုလ်တွေကို အကျိုးပေးခွင့် မရအောင်ဟဲ့။ ဟုတ်လား"

"မှန်ပါဘုရား။"

"မရသေးတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ရအောင်ဟဲ့။ ရပြီးသား ဉာဏ်စဉ်ကလေး တိုးတက် တိုးတက် သွားအောင်လို့ ဒီအင်္ဂါ လေးချက်နဲ့ ပြည့်စုံတာကို သမ္မပ္ပဓာန် ဝီရိယ ခေါ်တယ်နော်။"

"မှန်ပါဘုရား။"

"ဒီ ဝီရိယဝင်သွားတဲ့အချိန်မှာ မဂ်ဉာဏ်တွေရဖို့ရာ အင်္ဂါတွေ တော်တော် စုံသွားပြီနော်။"

"မှန်ပါဘုရား။"

"ဒါကို ဗောဇ္ဈင် ခေါ်တာ။"

"မှန်ပါဘုရား။"

"လေးခု ဖြစ်ပြီနော်။"

### တည်ငြိမ်အေးချမ်း ဆိတ်ငြိမ်ခြင်းဟူသည့် ဆေး

ကိုင်း....ဒီရုပ်သဘောရဲ့ ဝိပရိနာမပေါ်မှာ ငြိမ်ပြီးတော့ ကျလာတဲ့အချိန်၊ နာတယ်တို့၊ ထုံတယ်တို့၊ ကျင်တယ်တို့၊ ကိုက်တယ်တို့၊ အိပ်ချင်တယ်တို့၊ မူးတယ် ဝေတယ်တို့၊ ဟာ........ တကိုယ်လုံးက ပေါ်နေတဲ့ သဘာဝတွေ အမျိုးမျိုးရဲ့အပေါ်

မှာ၊ ရွှေ့ရွှေ့-ရွှေ့ရွှေ့နေတဲ့ စိတ်သည်၊ ရုပ်ဆိုတဲ့ သဘောတရားရဲ့ အပေါ်ကနေပြီးတော့ မပြောင်းတော့ဘူး။

"ဟုတ်လား။"

"မှန်ပါဘုရား။

စောစောတုန်းကတော့ ပြောင်းနေတယ် မဟုတ်လား၊ ခေါင်းကိုက်တယ်တဲ့။ ခေါင်းကိုက်တာလေး သက်သာသွားပြန်တော့ နားက လေထွက်ပြန်ပြီ။ တော်တော်ကြာတော့ ခါးက နာလှချည်ရဲ့၊ ဗိုက်ထဲက အောင့်လှချည်ရဲ့။

"အမျိုးမျိုး ရွှေ့နေတယ် မဟုတ်လား"

"ရွှေ့နေပါဘုရား။"

အဲဒီလို နေရာအသီးသီး ရွှေ့ရွှေ့နေတဲ့ သဘောကနေပြီးတော့ ရုပ်ဆိုတဲ့ သဘာဝပေါ်ကနေ ဘယ်မှမပြောင်းတော့ဘူး ဆိုတဲ့အချိန်သည် ပဗန္ဓသမာဓိ၊ ငြိမ်ကျသွားတယ်နော်။"

"မှန်ပါ ဘုရား။"

အဲဒီလို ငြိမ်ပြီးတော့ ဖြစ်လာတဲ့အချိန်၊ နောက်ထပ်ဗောဇ္ဈင်တမျိုးသွင်းလိုက်၊ ကျန်နေတဲ့ဗောဇ္ဈင်က ပီတိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တဲ့။

"အဲဒါ ကျန်နေတယ် မဟုတ်လား။"

"မှန်ပါ ဘုရား။"

## ဉာဏ်ယှဉ်တွဲတဲ့ ဥပေက္ခာဟူသည့်ဆေး

ဥပေက္ခာသမ္ဗောဇ္ဈင်ေါ ခေါ ကဿပ မဟာ သမ္ဗဒက္ခာ တော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ကဿပ၊ ချစ်သား ကဿပ။ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ၊ ဥပေက္ခာဆိုတဲ့ သမ္ဗောဇ္ဈင်ကို။

"ဥပေက္ခာဆိုတာဟာ ဉာဏုပေက္ခာလို့ တိုတိုမှတ်။"

"မှန်ပါ ဘုရား။"

"ဘာတဲ့တုန်း။"

"ဉာဏုပေက္ခာပါ ဘုရား။"

"ထို ဥပေက္ခာမှာ ဉာဏ်နဲ့ တွဲနေတယ်။"

"မှန်ပါ ဘုရား။"

"ဉာဏ်မပါတဲ့ ဥပေက္ခာများဆိုယင်တော့ ဘုန်းကြီးတို့ ပရိသတ်များ မကောင်းဘူး၊ အဲဒါက အကုသိုလ်ထဲ ရောက်တယ်နော်။"

"မှန်ပါ ဘုရား။"

"အဟိတ်စိတ်နဲ့ အကုသိုလ်စိတ်တွေမှာ ဥပေက္ခာ ရှိတယ်၊ ဉာဏ်မပါဘူး။"

"မှန်ပါ ဘုရား။"

"ရှင်မဟာကဿပအနေနဲ့ဆိုယင် မဟာကြိယာဉာဏသမ္ပယုတ်စိတ်နဲ့ ယှဉ်နေတဲ့ ဥပေက္ခာ။"

"မှန်ပါ ဘုရား။"

"ရှင်မဟာကဿပက ရဟန္တာကြီး။ ဒါကြောင့် မဟာကုသိုလ်စိတ်တောင်မဟုတ်တော့ဘူး၊မဟာကြိယာဉာဏသမ္ပယုတ်စိတ်နဲ့ ယှဉ်တဲ့ ဥပေက္ခာ။"

"မှန်ပါ ဘုရား"။

"ရှင်မဟာ ကဿပအနေနဲ့။"

"မှန်လှပါ ဘုရား။"

"ဒို့တရားနာပရိသတ်များ အဲဒီလို ရောဂါဝေဒနာနှိပ်စက်ပြီဆိုတဲ့ အချိန်ကျယင်တော့ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်နဲ့ ယှဉ်သော ဥပေက္ခာ ဖြစ်ရမယ်။"

"မှန်လှပါ ဘုရား။"

"အဲဒီ ဥပေက္ခာမျိုးဖြစ်အောင် ပွားများရမယ်။"

"မှန်ပါ ဘုရား။"

"လောဘမှာလဲပဲ ဥပေက္ခာယှဉ်တယ်၊ လောဘမူစိတ်ကို ကြည့်လိုက်။ လောဘမူစိတ် ရှစ်ခုရှိယင် သောမနဿလေးခု၊ ဥပေက္ခာလေးခု မရှိလား။"

"ရှိပါတယ် ဘုရား။"

"သောမနဿနဲ့တွဲတဲ့ လောဘ။ ဥပေက္ခာနဲ့တွဲတဲ့ လောဘလို့ ဒီလို ဆိုတယ်နော်။"

"မှန်ပါ ဘုရား။"

"အဲဒီ ဥပေက္ခာမျိုးဆိုယင်တော့ မကောင်းဘူး။ အကုသိုလ်နဲ့ တွဲသွားတယ်။"

"မှန်ပါ ဘုရား။"

"ရုပ်ဓမ္မ နာမ်ဓမ္မပေါ်မှာ စိုက်ပြီးတော့ သဘာဝပိုင်အောင် ရှုနေတဲ့ ဥပေက္ခာကတော့ ဉာဏ်နဲ့တွဲသွားတယ်။"

"မှန်ပါ ဘုရား။"

"အစွန်းလွတ်တဲ့ ဥပေက္ခာပေါ့ ဟုတ်လား။"

"မှန်ပါ ဘုရား။"

"ချမ်းသာတဲ့ဘက်ကို တဘက်သတ်ဖိပြီးတော့ လိုက်ယင်၊ ဒွိပရိသတ် တဏှာရာဂဝင်တတ်တယ် ဆိုတာ။"

"မှန်ပါ ဘုရား။"

"ဆင်းရဲတာတွေနောက်ကို တပ်ပုံကြီးလိုက်ပြီးတော့၊ တအုံကြီး ရှောက်ပြီးတော့ သွားမိတယ်ဆိုယင်၊ စိတ်ထဲမသက်သာတဲ့ ဒေါမနဿဝင်တတ်သောကြောင့် ဒေါသ၊ ချမ်းသာတဲ့လမ်းလိုက်မိပြန်တော့ လောဘ၊ ဆင်းရဲတဲ့နောက် လိုက်မိပြန်တော့ ဒေါသ၊ လာတတ်တယ်။"

"မှန်ပါ ဘုရား။"

**အစွန်းနှစ်ဖက်မှ လွတ်အောင်**

အဲဒီ သောမနဿဝေဒနာဆိုတဲ့ အစွန်း၊ ဒေါမနဿဝေဒနာဆိုတဲ့ အစွန်း အစွန်းနှစ်ဖက်ကို မလိုက်ပဲနဲ့၊ အလယ်တဲ့တဲ့က ဥပေက္ခာနဲ့ သွားရအောင်ဆိုယင် ထို ဥပေက္ခာ၊ ဉာဏ်နဲ့တွဲမှ တော်လိမ့်မယ်။

"မှန်ပါ ဘုရား။"

"ဉာဏုပေက္ခာ၊ သဘောကျပြီနော်"

"မှန်ပါ ဘုရား။"

"တဖက်စွန်း မလိုက်စေနဲ့။ ကျန်းမာတဲ့လူတွေကလဲ တဖက်စွန်းလိုက်၊ သူတို့က ကာမသုခလ္လိကာနုယောဂ ရောက်သွား။"

"မှန်ပါ ဘုရား။"

"ရောဂါဖြစ်တဲ့လူကလဲ စိတ်ညစ်လှချည်ရဲ့ဆိုပြီးတော့ သူကလဲ ဒေါမနဿ အစွန်းမသွားဘူးလား။"

"သွားပါတယ် ဘုရား။"

"ကိုယ့်ရောဂါနဲ့ကိုယ် စိတ်ညစ်၊တချို့မျှား အဆိပ်သောက်ပြီးတော့ သေသွားတာ၊ အတွက်ကိလမထနုယောဂကြီး။ ရှင်းတယ်နော်။"

"မှန်ပါ ဘုရား။"

"ကျန်းမာခြင်း ဆုလာဘ်ကြီး သိပ်ပြည့်စုံယင် ကာမသုခလ္လိကနုယောဂတွေ ရှောက်ပြီးတော့ လိုက်တတ်တယ်။"

"မှန်ပါ ဘုရား။"

မကျန်းမာ စိတ်ညစ်တဲ့လူတွေကလဲ အဆိပ်သောက်ပြီးတော့ သေချင်စိတ်ပေါက်တတ်တယ်။"

"မှန်ပါ ဘုရား။"

"အစွန်းတွေ မထွက်ဘူးလား။"

"ထွက်ပါတယ် ဘုရား။"

"မထွက်စေနဲ့၊ ဥပေက္ခာသမ္ဗောဇ္ဈင် ပွားထား။"

"မှန်ပါ ဘုရား။"

"ဥပေက္ခာ သမ္ဗောဇ္ဈင်ပေါ့၊ ဥပေက္ခာဆိုတဲ့ သမ္ဗောဇ္ဈင်ကို။

"ဉာဏ်မပါတဲ့ ဥပေက္ခာ မဟုတ်ဘူး။"

"မှန်ပါ ဘုရား။"

"ပုထုဇဉ်ဥပေက္ခာများအနေနဲ့ဆိုယင် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ဟုတ်လား။"

"မှန်ပါ ဘုရား။"

"ရဟန္တာများ သန္တာန်ကျတော့ မဟာကြိယာဉာဏသမ္ပယုတ်စိတ် အဲဒီမှာ ဥပေက္ခာသမ္ဗောဇ္ဈင်ကပ်လိုက်။"

"မှန်ပါ ဘုရား။"

ဒါကြောင့်....

ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ ဥပေက္ခာဆိုတဲ့ သမ္ဗောဇ္ဈင်ကို။ မယာ၊ ငါဘုရားသည်။ သမ္မဒက္ခာတော၊ ကောင်းစွာ ဟောထားပါတယ်။ ကဿပ၊ ချစ်သားကဿပ။ သော ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ ထို ဥပေက္ခာဆိုတဲ့ သမ္ဗောဇ္ဈင်ကို။ တံ၊ သင်ချစ်သားကဿပသည်။ ဘာဝိတော၊ ပွားများထားမယ် ဆိုယင်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ လေ့လာထားမယ် ဆိုယင်။ အဘိညာယ၊ သစ္စာကိုသိဖို့ရန်လည်းကောင်း။ သမ္ဗောဓာယ၊ မဂ်ဉာဏ်ကို ရဖို့ရန်လည်းကောင်း။ နိဗ္ဗာနာယ၊ နိဗ္ဗာန် ရဖို့ရန်လည်းကောင်း။ သံဝတ္တတိ၊ ဖြစ်ပါလိမ့်မယ်။

"ရှင်မဟာကဿပကို ဦးတည်ဟောနေတာဖြစ်ခြင်းကြောင့် အာလုပ်ပုဒ်ကို ဘုန်းကြီးက ကဿပလို့ ဒီလိုထည့်ပါတယ်။"

"မှန်ပါဘုရား။"

"ရှင်မဟာကဿပကို မဟောမီတုန်းကလဲ ဒီ ဗောဇ္ဈင်ခုနစ်ပါးကို ဘုရားရှင်ကိုယ်တော်မြတ်သည် ပုထုဇဉ်ရော သေက္ခရော ရဟန္တာတွေကိုရော အများကြီး ဟောပြီးသားပါ-နော်....။"

"မှန်ပါဘုရား။"

"ဒါကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်မဆိုက်သေးတဲ့ ပုဂ္ဂိုလ်များ အနေနဲ့ အဘိညာယ၊ သမ္ဗောဓာယ၊ နိဗ္ဗာနာယဖြစ်ပါတယ်။ ဆိုက်ပြီး ပုဂ္ဂိုလ်များအနေနဲ့တော့ ဒိဋ္ဌဓမ္မဖာသုဝိဟာရတ္တာယ ဖြစ်ပါတယ်-တဲ့။"

"မှန်ပါဘုရား။"

## နေသာ ထိုင်သာရှိသော ဉာဏ်

အဲဒီ ဥပေက္ခာသမ္ဗောဇ္ဈင် ဉာဏ်နဲ့တွဲပြီး ချစ်သား ပွားထားတဲ့၊ ဟော....သမာဓိစေတသိက်ဟာ ဥပေက္ခာနဲ့တွဲသွားပြီ။

'မှန်ပါဘုရား။"

"သတိ၊ ပညာ၊ ဝီရိယတို့ဟာလဲပဲ ဥပေက္ခာနဲ့ တွဲသွားပြီ မဟုတ်လား။"

"မှန်ပါဘုရား။"

"ဥပေက္ခာနဲ့တွဲမိတဲ့အချိန် အစွန်းထွက်သေးသလား။"

"မထွက်တော့ပါဘုရား။"

"အစွန်းမထွက်ယင် နေသာထိုင်သာဖြစ်သွားပြီ။"

"မှန်ပါဘုရား။"

ဘုန်းကြီးတို့ ဟောထားပြီးဖြစ်တဲ့ သတိပဋ္ဌာန်သုတ်ထဲက သင်္ခါရုပေက္ခာဉာဏ်ထဲက လက်ာလေးတွေ တိုင်ပေးထားတယ်။

"မှန်ပါဘုရား။"

"နေသာထိုင်သာရှိသော ဉာဏ်တဲ့။ လယ်တီဆရာတော်ဘုရားကြီးက ဒီဝေါဟာရသုံးတယ်နော်။"

"မှန်ပါဘုရား။"

သင်္ခါရတရားတို့ရဲ့အပေါ်မှာ နန္ဒီ နဲ့ ဒေါမနဿ၊ နန္ဒီဆိုတာက သင်္ခါရရဲ့အေးငြိမ်းတဲ့ သဘောလေးကို ကျေနပ်တာ။

"မှန်ပါဘုရား။"

"နန္ဒီ၊ သင်္ခါရရဲ့နှိပ်စက်ပုံကို ကြောက်တဲ့အတွက်ကြောင့် ဘယ။ အဲဒီ ဘယလဲဝင်လာရော ဒေါမနဿဖြစ်ကရော။"

သင်္ခါရမှ အေးငြိမ်းမှုပဿဒ္ဓိ ဆိုတာလဲ ဖြစ်ကရော၊ ဒီနေရာမှာ နန္ဒီဆိုတာ ဖြစ်ကရော။ ဘယ,နန္ဒီ။ ထိုအစွန်းနှစ်ဖက်ကို လွှတ်ပြီးတော့ အလယ်က သင်္ခါရရဲ့လက္ခဏာပေါ်မှာ သွားတဲ့ ဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ်။

''ဝိပဿနာမှာဖြင့် အဲဒါ ထိပ်ဆုံးပဲနော်။''

''မှန်ပါဘုရား။''

ဒါကြောင့်....

ကာဿပ၊ ချစ်သားကဿပ။

နားလည်ကြပြီ။ ဥပေက္ခာသမ္ဗောဇ္ဈင်ကို အဲဒီလို ဘယ၊ နန္ဒီ အစွန်း နှစ်ဖက်ကို မထွက်တဲ့၊ တနည်း။ သောမနဿ, ဒေါမနဿ အစွန်း နှစ်ဖက်ကို မထွက်တဲ့ ဥပေက္ခာသမ္ဗောဇ္ဈင် ကိုလဲပဲ။

မယာ သမ္မဒက္ခာတော၊ ငါဘုရား ကောင်းကောင်းဟော တော်မူခဲ့ပါတယ်။ သော ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ ထို ဥပေက္ခာ သမ္ဗောဇ္ဈင်ကို။ တယာ၊ သင် ချစ်သားကဿပသည်။ ဘာဝိ တော၊ ပွားများခဲ့မယ်ဆိုယင်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ လေ့လာထားမယ်ဆိုယင်။ အဘိညာယ၊ သစ္စာ သိဖို့ရန်လည်းကောင်း။ သမ္ဗောဓာယ၊ မဂ်ဉာဏ်ကိုရဖို့ရန်လည်းကောင်း။ နိဗ္ဗာနာယ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ရန် လည်းကောင်း။ သံဝတ္တတိ၊ ဖြစ်ပါလိမ့်မယ်။

## ကိုယ်စိတ်နှစ်ဖြာ အေးချမ်း ဟူသည့်ဆေး

ဥပေက္ခာသမ္မောဇ္ဈင် ဝင်ပြီဆိုတဲ့အခါကျတော့ ဘယန္နန္ဒီဆိုတဲ့ အစွန်းနှစ်ဖက်မှ လွတ်ပြီ။ ဘယအစွန်းရောက်ယင် ဒေါမနဿ။ ငြိမ်းချမ်းမှု မရနိုင်ဘူးဆိုတာ မှတ်ပါ။

"မှန်ပါဘုရား။"

"ဒေါမနဿဝင်လို့ ငြိမ်းချမ်းမှုမရနိုင်။ ဟုတ်ပလား။"

"မှန်ပါဘုရား။"

"နန္ဒီဆိုတဲ့ အစွန်းကို လိုက်မိယင်လဲ နှစ်သက်မိလို့ ကိလေသာမီး ရာဂမီး လောင်ပြန်တယ်၊ ငြိမ်းချမ်းပါ့မလား။"

"မငြိမ်းချမ်းပါဘုရား"။

"ရာဂမီးလောင်လို့ မငြိမ်းချမ်းဘူး၊ ဒေါမနဿ၊ ဒေါသမီးလောင်လို့ မငြိမ်းချမ်းကြဘူးဆိုယင် ပဿဒ္ဓိဖြစ်နိုင်ပါ့မလား"

"မဖြစ်နိုင်ပါဘုရား။"

သမာဓိ နဲ့ ဥပေက္ခာတွဲမိပြီဆိုတဲ့ အချိန်ကျတော့မှ။

ကဿပ၊ ချစ်သားကဿပ။ ပဿဒ္ဓိသမ္မောဇ္ဈင်္ဂေါ၊ ပဿဒ္ဓိဆိုတဲ့ သမ္မောဇ္ဈင်ကို။ မယာ၊ ငါဘုရားသည်။ သမ္မဒက္ခာတော၊ ကောင်းစွာဟောကြားအပ်ပါပြီ။

"မှန်ပါဘုရား။"

သောပဿဒ္ဓိ သမ္မောဇ္ဈင်္ဂေါ၊ ထိုစိတ်တွေ စေတသိက်တွေ ငြိမ်းချမ်းပါတယ် ဆိုတဲ့ ပဿဒ္ဓိသမ္မောဇ္ဈင်ကို။ ဘာဝိတော၊ ပွားများထားမယ်ဆိုယင်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ လေ့လာထားမယ်ဆိုယင်။ အဘိညာယ၊ သစ္စာကို သိဖို့ရန်

လည်းကောင်း။ သမ္မောဓာယ၊ မဂ်ဉာဏ်ကို ထိုးထွင်းသိဖို့ရန် လည်းကောင်း။ နိဗ္ဗာနာယ၊ နိဗ္ဗာန်ကိုသိဖို့ရန်လည်းကောင်း။ သံဝတ္တတိ၊ ဖြစ်ပါလိမ့်မယ်။

ပဿဒ္ဓိဆိုတဲ့၊ ကာယ,စိတ္တ နှစ်ဌာနမှာ ငြိမ်းချမ်းတဲ့သဘော သည် ပဿဒ္ဓိ၊ သမာဓိနဲ့ ဥပေက္ခာတွဲပြီးတော့ ဘုန်းကြီးတို့ပရိ သတ်များရဲ့ စိတ်တွေ,စေတသိက်တွေထဲမှာ ဘယအစွန်း,နန္ဒိ အစွန်း လွတ်ပြီးတော့ ငြိမ်းသွားတဲ့ သဘောဟာ ပဿဒ္ဓိ။ ဟုတ်လား။

"မှန်ပါဘုရား။"

## "ဘုရားရှင်ရဲ့ ဆေးစွမ်း"

ဘယအစွန်း,နန္ဒိအစွန်း လွတ်သွားတော့ ဥပေက္ခာ။ အဲဒီ ဥပေက္ခာနဲ့ သမာဓိ တွဲမိပြီဆိုတဲ့အချိန် စိတ်ထဲမှာ ငြိမ်းသွား တာပဲ။

"မှန်ပါဘုရား။"

"ရောဂါနှိပ်စက်လို့ ပင်ပန်းလှချည့်ရဲ့၊ သေမှာကြောက်လှ ချည့်ရဲ့၊ မရှိတော့ဘူး။ အေးချမ်းလို့ သက်သာမနေဘူးလား။"

"သက်သာပါတယ်ဘုရား။"

သက်သာလာတဲ့ ထိုဝေဒနာရှင်ဟာ ထိုရောဂါရှင်ဟာ အစာ မစားရတာ တလကြာပါစေ၊ အလွန်ကောင်းတဲ့ နတ် သုဒ္ဓါ စားရသလို ရင်ထဲမှာပြည့်ပြီးတော့ အေးနေတယ်။

"မှန်ပါဘုရား။"

အစာမစားရတာ တလကြာပါစေ၊ ရင်ထဲမှာပြည့်သွားတယ် ဆိုတာဟာ ပီနေတီတိ-ပီတိ လို့ခေါ်တယ်၊ ရင်ထဲ ပြည့်သွားတယ် ဆိုတာ ပီတိ-နော်။

"မှန်ပါဘုရား။"

တနွေလုံး နေပြင်းပူထားတဲ့အိုင်ကြီးတခု ပတ်ကြားတွေ အက်ပြီးတော့ ဆူးတောင်တွေထ။ မိုးဦးကျတော့တသောသော သောနဲ့ ကောင်းကင်ကမိုးကြီး သည်းထန်စွာရွာချလိုက်တော့ ထိုအိုင်ကြီးထဲ ရေတွေစီးဝင်လာတဲ့ အချိန်။

"အက်နေတဲ့ ပတ်ကြားကွဲတွေဟာ တဖြည်းဖြည်းခြင်း စေ့မသွားဘူးလား။"

"စေ့သွားပါတယ်ဘုရား။"

"ကြားစေ့သွားတဲ့အချိန် ဘုန်းကြီးတို့ပရိသတ်၊ အဲဒီရေကန်ထဲ ရေတွေတည်တယ်နော်။"

"မှန်ပါဘုရား။"

"ကြားမစေ့သေးခင်တော့ ရေတွေ အကြားအကြား ဝင် ဝင်သွားတယ်။"

"မှန်ပါဘုရား။"

အဲ....ပတ်ကြားတွေအက်လို့ အပူမီး၊ ပတ်ကြားတွေကွဲနေတဲ့ ရေအိုင်ကြီး ရေတွေ ဒလဟောဝင်လာတဲ့အချိန်၊ ကြားစေ့ပြီး တော့ ရေတွေ တည်သွားသလိုပဲ၊ ဒို့တရားနာပရိသတ်ရဲ့ စိတ်၊ စေတသိက်၊ ရုပ်တွေဟာ ဗောဇ္ဈင်တရားတွေ ပြည့်စုံတော့

တနည်းပြောယင် ဗောဇ္ဈင်ဆိုတဲ့ မိုးတွေရွာချလိုက်တဲ့အတွက်ကြောင့် ကြားစေ့သွားတယ်။

"မှန်ပါဘုရား။"

စေ့စေ့စပ်စပ် ဖြည့်ပြီးတော့ လာလိုက်တာ။ ဘယ်နေရာကတော့ နာသတဲ့၊ ဘယ်နေရာက ထုံသတဲ့၊ ဘယ်နေရာက ပင်ပန်းသတဲ့၊ မရှိတော့ဘူး။ ရေပြည့်နေတဲ့ ရေအိုင်ကြီးတအိုင်လုံးဟာ အေးချမ်းနေတယ် ဆိုတာလို၊ ဒီ စိတ်နဲ့စေတသိက်အားလုံးဟာ အေးချမ်းသွားတယ်၊ ရေပြည့်လို့ အေးသွားတယ်။

"မှန်ပါဘုရား။"

ဗောဇ္ဈင်တရားဆိုတဲ့ ရေတွေပြည့်လို့။ ဘာဗောဇ္ဈင်တုန်းဆိုယင် ပဿဒ္ဓိလို့ဆိုတဲ့ ရေစင်နဲ့တူတဲ့ ရေစင်ရေချမ်းနဲ့တူတဲ့ ပဿဒ္ဓိခေါ်တဲ့သမ္ဗောဇ္ဈင် ရေတွေပြည့်သွားလို့ ဒိခန္ဓာကိုယ်ကြီးလို့ဆိုတဲ့ ရေအိုင်ကြီးဟာ အေးချမ်းသွားပြီ။ အကြားတွေအကြားတွေ ထွက်နေတဲ့ ရေအိုင်ကြီးနဲ့တူတဲ့ ဒိခန္ဓာကြီးမှာလဲပဲ ပီတိတွေဝင်သဖြင့် ပြည့်သွားပြီတဲ့။

"အစာမစားရပေမယ့် ဒို့ပရိသတ် ပင်ပန်းသေးရဲ့လား။"

"မပင်ပန်းတော့ပါဘုရား။"

ဒါကြောင့်....

ကဿပ၊ ချစ်သား ကဿပ။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဂေါ၊ မိုးတွေတသွန်သွန် ရွာပြီးတော့ ချသလို ငြိမ်းချမ်းခြင်းဆိုတဲ့ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဆိုတာကိုလဲပဲ။

ကာယစိတ္တ ငြိမ်းချမ်းတဲ့ ပဿဒ္ဓိ၊ အဲဒါက သမာဓိကြောင့် ရတယ်။

"မှန်ပါဘုရား။"

"ကာယ၊ စိတ္တ နှစ်ဌာန ငြိမ်းချမ်းတဲ့ ပဿဒ္ဓိက၊ ဘာကြောင့် ရတယ်။"

"သမာဓိကြောင့်ရပါတယ်ဘုရား။"

"သမာဓိဝင်တော့ယင် ရှေ့နားကပြောခဲ့တဲ့ သတိ, ပညာ တွေကလဲ ရပြီးသားနော်။"

"မှန်ပါဘုရား။"

သမာဓိဝင်လို့ ကာယစိတ္တမှာ ငြိမ်းချမ်းနေတယ်ပြောယင်၊ ရုပ်ရဲလက္ခဏာ၊ ရုပ်ရဲလက္ခဏာ စိစစ်တဲ့ဉာဏ်ထဲ သွင်းလိုက်တော့။

## ကိလေသာ ပြုတ်သွားတဲ့ အချိန်

(၁) ရုပ်တရား နဲ့ သဘာဝလက္ခဏာလဲ ပိုင်သွားတယ်။

(၂) ရုပ်တရားကြီးက နှိပ်စက်လွန်းလို့ ဒုက္ခပဲလို့။

"ဗျာဓိ ပိ ဒုက္ခာ-သဘော မပိုင်ဘူးလား။

"ပိုင်သွားပါတယ်ဘုရား။"

"ကိစ္စဉာဏ် တခါထဲ ဝင်တယ်နော်။"

"မှန်ပါဘုရား။"

အဲဒီလို ကိစ္စဉာဏ်ဝင်လာပြီ ဆိုတဲ့အခါမှာ ဘုန်းကြီးတို့ ပရိသတ်မှာ ဗောဇ္ဈင်ရဲ့ ဓမ္မဝိစယ သမ္ဗောဇ္ဈင်က ထိပ်တန်း တက်သွားပြီ။ ထိုကဲ့သို့ ဓမ္မဝိစယ သမ္ဗောဇ္ဈင် ထိပ်တန်း

တက်တဲ့အချိန် ကိလေသာ အနုသယဓာတ်ဟာ တခါထဲပြုတ်ထွက်သွားတယ်။

"မှန်လှပါဘုရား။"

"အဲဒီအချိန် ကိလေသာပဿဒ္ဓိလို့ ခေါ်တယ်၊ ကိလေသာအနုသယ ပြုတ်သွားတာကို ဘာ ပဿဒ္ဓိတဲ့။

"ကိလေသာပဿဒ္ဓိပါ ဘုရား။

"ဒါကြောင့် ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ကိလေသာပဿဒ္ဓိ၊ ပဿဒ္ဓိ ဘယ်နှစ်ပါးရ။"

"သုံးပါး ရပါတယ်ဘုရား။"

"ကာယပဿဒ္ဓိဟာ ကျမ်းဂန်အရ တဲ့တဲ့ပြောရယင် စေတသိက်တွေ အေးသွားတာ ကာယပဿဒ္ဓိ။

"မှန်ပါဘုရား"

"စိတ္တပဿဒ္ဓိက စိတ်တွေ အေးသွားတာ။"

"မှန်ပါဘုရား။"

"စိတ်နဲ့ စေတသိက်အေးယင် စိတ်စေတသိက်ရဲ့မှီရာ ဖြစ်တဲ့ ဒီ ရုပ်ကြီးကကော၊ အေး မသွားဘူးလား။"

"အေးသွားပါတယ် ဘုရား။"

"စိတ် စေတသိက် ဘယ်မှာ မှီလဲ။"

"ရုပ်တရားမှာ မှီပါတယ်ဘုရား။"

"ဘယ်ရုပ်မှာ မှီသလဲ၊ မေ့မပစ်နဲ့ မေ့မပစ်နဲ့၊ ရှေ့နားကတည်ဆားခဲ့တယ်။ ဟဒယဝတ္ထု။"

"မှန်လှပါ ဘုရား။"

"မြန်မာလိုပြောတော့ နှလုံးသား။"

"မှန်ပါဘုရား။"

"နှလုံးသားမှာ ငြိမ်းချမ်းတဲ့ စိတ်စေတသိက် ခုဝင်ပြီ နော်။

"မှန်လှပါ ဘုရား။"

"ကိုင်း....ရောဂါပျောက်ဖို့ ဘာ ခက်တော့လဲ။"

"မခက်တော့ပါ ဘုရား။"

"ဒီ နှလုံးသားမှာ အဆိပ်လေတွေ မိတဲ့ အတွက်ကြောင့် ဖြစ်တဲ့ ရောဂါ။"

"မှန်ပါဘုရား။"

ငြိမ်းချမ်းတဲ့ ပဿဒ္ဓိကလေး နှလုံးအိမ်ထဲ ဖျန်းကနဲ ဝင် တာနဲ့ တပြိုင်နက်ထဲ စောစောက ပူလောင် နှိပ်စက်နေတဲ့ သဘောဟာ အလိုလို ပြေးသွားပြီ။

"မှန်ပါဘုရား။"

"ကာယပဿဒ္ဓိ၊ စေတသိက်ရဲ့ အေးချမ်းမှု။ စိတ္တပဿဒ္ဓိ၊ စိတ်ရဲ့ အေးချမ်းမှု။ စေတသိက် အေးချမ်းတဲ့ အတွက်ကြောင့် ရုပ်တရားကြီးပါ အေးချမ်းသွားပြီ၊ ဟုတ်လား။"

"မှန်ပါဘုရား။"

"ကိလေသာပဿဒ္ဓိ၊ ကိလေသာတွေလဲပဲ ငြိမ်းချမ်းခဲ့ပါပြီ။ ရှင်မဟာကဿပကတော့ ငြိမ်းချမ်းပြီးသွားကိုဗျ နော်။"

"မှန်ပါဘုရား။"

"ဒါ့ကြောင့် ပဿဒ္ဓိ သမ္ဗောဇ္ဈင် ဆိုတာ ဒီအတိုင်းလို့ မှတ်ရမယ်။ ပဿဒ္ဓိ သမ္ဗောဇ္ဈင်ကို ပွားထားယင် ချစ်သားကဿပ၊ ဒီအကျိုးတရားတွေ ရတယ်ဆိုတာ မှတ်ပါ၊ သက်သာပြီ မဟုတ်သား။"

"သက်သာပါပြီ ဘုရား။"

"အဲဒီအချိန် ဆွမ်း မဘုဉ်းပေးရတာ ရက်ပေါင်း ဘယ်လောက်ပဲ ကြာနေနေ၊ ရင်ထဲမှာ ပြည့်နေပြီ။"

"မှန်လှပါဘုရား။"

ဒါကြောင့်....

ပီတိ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ကဿပ၊ ချစ်သားကဿပ။ ပီတိသမ္ဗောဇ္ဈင်္ဂေါ၊ ပီတိဆိုတဲ့ သမ္ဗောဇ္ဈင်ကို။ မယာ၊ ငါဘုရားသည်။ သမ္မဒက္ခာတော၊ ကောင်းစွာ ဟောအပ်ပေ၏။ မယာ သမ္မဒက္ခာတော၊ ငါဘုရား ကောင်းစွာ ဟောကြား၍ ထားအပ်သော။ ပီတိ သမ္ဗောဇ္ဈင်္ဂေါ၊ အဲဒီ ရင်ထဲမှာပြည့်အောင် ပီတိဘက္ခဆိုတဲ့ ပါဠိတော်အရ အစားအစာရဲ့ နေရာမှာ ဝင်ပြီးတော့ တာဝန်ယူတဲ့ ပီတိဆိုတဲ့ သမ္ဗောဇ္ဈင်ကို။ ဘာဝိတော၊ ပွားများနိုင်မယ်ဆိုယင်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ လေ့လာနိုင်မယ်ဆိုယင်။ အဘိညာယ၊ သစ္စာတရားတွေကို သိဖို့ရန်အလို့ငှာလည်းကောင်း။ သမ္ဗောဓာယ၊ မဂ်ဉာဏ်ကိုရဖို့ရန်လည်းကောင်း။

နိဗ္ဗာနာယ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ရန် လည်းကောင်း။ သံဝတ္တတိ၊ ဖြစ်ပါလိမ့်မယ်။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော် ခြောက်ပါး သခင် ဘုရားရှင် ကိုယ်တော်မြတ် ကြီးသည်။ သတ္တသမ္ဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင်တရား ခုနစ်ပါးတို့ကို။ အဝေါစ၊ ဟောကြားတော် မူခဲ့ပါပေပြီ။ /

ကဿပ၊ ချစ်သားကဿပ။ သတ္တ၊ ခုနစ်မျိုးကုန်သော။ ဣမေဗောဇ္ဈင်္ဂေ၊ ဤဗောဇ္ဈင်တရားတို့ကို။ မယာ၊ ငါဘုရား သည်။ သမ္မဒက္ခာတာ၊ ကောင်းစွာ ဟောအပ်ကုန်၏။

တေဗောဇ္ဈင်္ဂါ၊ထိုဗောဇ္ဈင်တရား ခုနစ်ပါးတို့ကို။ ဘာဝိတာ၊ ချစ်သားကဿပ ပွားထားမယ်ဆိုယင်။ ဗဟုလီကတာ၊ ကြိမ်ဖန် များစွာ လေ့လာထားခဲ့မယ်ဆိုယင်။ အဘိညာယ၊ သစ္စာ တရားတွေကို သိဖို့ရန်လည်းကောင်း။ သမ္ဗောဓာယ၊ မဂ်ဉာဏ် ရဖို့ရန်လည်းကောင်း။ နိဗ္ဗာနာယ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ ရန်လည်းကောင်း။ သံဝတ္တန္တိ၊ ဖြစ်ကြလေကုန်၏။

ဣတိ၊ ဤသို့။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည်။ အာယသ္မာမဟာကဿပဿ၊ ရှင်မဟာကဿပ ကိုယ်တော်ကြီးအား။ ဣမေသတ္တဗောဇ္ဈင်္ဂေ၊ ဤ ဗောဇ္ဈင် တရား ခုနစ်ပါးတို့ကို။ အဝေါစ၊ ကရုဏာရှေ့ထား မေတ္တာ အားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

“သာဓု....သာဓု....သာဓုပါ ဘုရား။”

## ရှင်မဟာကဿပ ချမ်းသာရာရပုံ

ဘုရားရှင်ကိုယ်တော်မြတ်က ရှင်မဟာကဿပရဲ့ ရောဂါ ပျောက်ရေးအတွက် တိုက်တဲ့ဆေးသည် ဗောဇ္ဈင်ခုနစ်ပါးဆိုတဲ့ ဆေးပါ။

"ဘာဆေးလဲ။"

"ဗောဇ္ဈင်ခုနစ်ပါး ဆေးပါ ဘုရား။"

အဲဒီ ဗောဇ္ဈင်ခုနစ်ပါးဆိုတဲ့ ဆေးကို ဘုရားရှင်ကိုယ်တော် မြတ်ကြီး တိုက်တော်မူတဲ့အခါကျတော့မှ ရှင်မဟာကဿပ ကိုယ်တော်က....

သာဓု ဘဂဝါ ဗောဇ္ဈင်္ဂါ၊ တဂ္ဂ သုဂတ ဗောဇ္ဈင်္ဂါတဲ့။

ဘဂဝါ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။

စိတ်တွေ, စေတသိက်တွေ, ရင်တွေ ကြည်ကြည်လင်လင် တခါထဲ ပေါ့ပေါ့ပါးပါးကြီး ဖြစ်ပြီးတော့ အိပ်ရာထဲက ထထိုင်၊ လက်အုပ်ချီပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ကျေးဇူးတော်အနေနဲ့ ကျေးဇူးဆပ်တဲ့အနေနဲ့။

ဘဂဝါ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်တရား ခုနစ်ပါးတို့သည်။ သာဓု၊ ကောင်းလှ ပါကုန်တော့သည် ဘုရား။ သုဂတ၊ ကောင်းစွာသော စကားကို ဆိုတော်မူတတ်ပေသော မြတ်စွာဘုရား။ တဂ္ဂ၊ ကေန်မုချဧင်စစ် အားဖြင့်။ ဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်တရား ခုနစ်ပါးတို့သည်။ သာဓု၊ တပည့်တော်အတွက် ရောဂါပျောက်ဆေးသည် ကောင်းလှပါတော့သည် ဘုရား။

ရှင်မဟာကဿပက ချက်ချင်းပဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို လက်အုပ်ချီရှိခိုးပြီးတော့ ရိုရိုသေသေနဲ့ "ဗောဇ္ဈင်တရားခုနစ်ပါးသည် ရောဂါပျောက်ရေးအတွက် ဆေးတခွက်ပါဘုရား"ရယ်လို့ လျှောက်ကြားပါတယ်နော်။

"မှန်ပါ ဘုရား။"

ဒီတော့ ဒီနေရာမှာ ပါဠိတော်က ဘာဆက်ပြတုန်းဆိုယင်....

ဣဒံ အဝေါစ ဘဂဝါ။

ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည်။ ဣဒံဝစနံ၊ ဗောဇ္ဈင်တရား ဤစကားကို။ အဝေါစ၊ မိန့်ကြားတော်မူခဲ့ပါသည်။ အာယသ္မာမဟာကဿပေါ၊ မဟာကဿပကိုယ်တော်ကြီးသည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘာသိတံ၊ မိန့်ကြားတဲ့စကားကို။ အဘိနန္ဒိ၊ နှစ်သက်လေပြီ။ အနုမောဒိ၊ ဝမ်းမြောက်ပေပြီ။ အထခေါ၊ ထိုအခါ၌။ အာယသ္မာမဟာကဿပေါ၊ ရှင်မဟာကဿပ ကိုယ်တော်ကြီးသည်။ တမှာအာဗာဓာ၊ ထိုအနာရောဂါမှ။ဝုဋ္ဌာသိ၊ ကောင်းစွာမသေ့ ထမြောက်၍ ပျောက်ကင်းတော်မူခဲ့လေပြီ။

တထာ ပဟီနော စ ပနာယသ္မတော ကဿပဿ အာဗာဓော အဟောသိတိ။

အယသ္မတောကဿပဿ၊ ရှင်မဟာကဿပကိုယ်တော်ကြီး၏။ သောအာဗာဓော၊ ထိုအနာရောဂါလဲပဲ။ တထာပဟီနော၊ ထိုဗောဇ္ဈင်တရား ခုနစ်ပါးဖြင့်သာလျှင် ပယ်ဖျောက်အပ်သည်။ အဟောသိ၊ ဖြစ်ခဲ့လေပြီ။

"ဒီဗောဇ္ဈင်တရား နာကြားပြီးတဲ့အချိန်မှာ ရှင်မဟာကဿပကိုယ်တော် ချက်ချင်း ရောဂါပျောက်၊ ထထိုင်ပြီး၊ လက်အုပ်ချီ ကန်တော့ခဲ့ပါတယ်တဲ့။
"မှန်လှပါ ဘုရား။"

ဘယ်အချိန် ရောဂါပျောက်

ရှင်မဟာကဿပ ချက်ချင်း ရောဂါပျောက်တယ်ဆိုတာဟာ တခြားဆေး ဘာမှမသောက်ဘူးဆိုတာ ပါဠိတော်မှာ မပါပါနဲ့ ဘုရားကိုယ်တော်မြတ်ဟောကြားတဲ့ ဒီဗောဇ္ဈင်တွေကို နာယင်း နာယင်း ရောဂါပျောက်တဲ့ အထွဋ်အထိပ်ဟာ ဘယ်ရောက်သွားတုန်းဆိုတော့ ပီတိနဲ့ ပဿဒ္ဓိဝင်တဲ့အချိန်မှာ ချက်ချင်း ရောဂါပျောက်သွားတယ်။
"မှန်ပါ ဘုရား။"
"ဖခဲ့တာကတော့ သတိက စခဲ့တာ၊ ဘယ်က စခဲ့ရတယ်။"
"သတိက စရတာပါ ဘုရား။"
"သတိက စယင်းစယင်းနဲ့ တဖြည်းဖြည်း တက်ပြီးတော့ သွားလိုက်တာ၊ ပီတိပဿဒ္ဓိဝင်ပြီဆိုတဲ့အချိန်ဟာ ရောဂါပျောက်တဲ့ အချိန်ပဲ။"
"မှန်ပါ ဘုရား။"
"ဒါကြောင့် ဒို့ ပရိသတ်များ ရောဂါပျောက်ချင်ယင် သတိကစ,ပြီးတော့ ပီတိ ပဿဒ္ဓိရတဲ့အထိ ပွားများကြရမယ်။"
"မှန်လှပါဘုရား။"
"အကောင်းဆုံး ဘုရားပေးတဲ့ဆေးဗျနော်။"
"မှန်ပါဘုရား။"

အာယသ္မတော မဟာကဿပ၊ ရှင်မဟာကဿပ ကိုယ်တော်ကြီးရဲ့။ သောအာဗာဓော၊ ထို အနာရောဂါသည်။ တထာ ပဟီနော၊ ထိုဗောဇ္ဈင်တရား ခုနစ်ပါးဖြင့် ပယ် ခဲ့ သည်။ အဟောသိ၊ ကောင်းစွာမသွေ ဖြစ်တော်မူခဲ့ပါပေသတည်း။

"သာဓု....သာဓု....သာဓုပါဘုရား။"

ရှင်မဟာကဿပ ကိုယ်တော်ရှင်မြတ် ရောဂါပျောက်ပြီဆိုတဲ့ အကြောင်း ဒီ့တရားနာပရိသတ်အပေါင်း ကောင်းကောင်းကြီး သိခဲ့ပါပြီ။ ရှင်မဟာကဿပ ရောဂါပျောက်ခြင်းနဲ့ပတ်သက်တဲ့ သုတ္တန်က ပထမဂိလာနသုတ္တန်။

## ရှင်မောဂ္ဂလ္လာန်နဲ့ ဘုရားရှင်တို့ ထိုနည်းတူ

"ဒုတိယ ဂိလာနသုတ္တန်ကျတော့ ဂိဇ္ဈကုဋ်တောင်ထိပ်မှာ ရှင်မဟာမောဂ္ဂလ္လာန်ကိုယ်တော်ကြီး ရောဂါဖြစ်တုန်း မြတ်စွာဘုရားကြွ၍ ဒီအတိုင်းပဲ တကြိမ်ဟောတယ်။"

"မှန်လှပါဘုရား။"

"ရှင်မဟာမောဂ္ဂလ္လာန်လဲ ရောဂါပျောက်ပါတယ်။ ဒုတိယ ဂိလာနသုတ္တန်သည် ပြီးပြန်ရောမဟုတ်လား။"

"မှန်လှပါဘုရား။"

တတိယ ဂိလာနသုတ္တန်က ဘုန်းတော်ခြောက်ပါးသခင် ကိုယ်တော်မြတ်၊ အဲဒီဂိဇ္ဈကုဋ်တောင်မှာ ဘုရားကိုယ်တော်တိုင် အဆိပ်ပွင့်တွေ့ရှုမိလို့ ရောဂါဖြစ်တဲ့အချိန်၊ ဘုရားကိုယ်တော်တိုင်လဲ ဒီလိုပဲ အဖျားရောဂါ အကြီးအကျယ်ဖြစ်တယ်။

"မှန်ပါဘုရား။"

ဘုရားကိုယ်တော်တိုင် ဒီကဲ့သို့ အဖျားရောဂါ အပြင်းအထန်ဖြစ်လာတဲ့အချိန်ကျတော့မှ စုန္ဒမထေရ်ကို ဘုရားမြတ်စွာခေါ်၍ "ချစ်သား စုန္ဒ၊ ငါ ဘုရားရှင်ကိုယ်တော်မြတ် ရောဂါနှိပ်စက်လို့ ပင်ပန်းတော်မူတယ်။ ငါ ဘုရားရှင် ကိုယ်တော်မြတ်အား ဗောဇ္ဈင်တရားခုနစ်ပါးကို ချစ်သား စုန္ဒ၊ ဟောစမ်းပါ။"

စုန္ဒ မထေရ်ကိုခေါ်၊ ဘုရားရှင်ကိုယ်တော်တိုင် ညောင်စောင်းပေါ်လျောင်းပြီးတော့ ရှင်စုန္ဒ မထေရ်ဟောကြားတဲ့ ဤဗောဇ္ဈင်တရားကို မြတ်စွာဘုရား ရိုရိုသေသေ ကျကျနနနားထောင်ပါတယ်နော်။

"မှန်ပါဘုရား။"

အေး.... ဒါ ကြောင့် မို့ ဘုန်း ကြီး တို့ ပ ရိ သတ် များ ရှင်မောဂ္ဂလ္လာန်နဲ့ ရှင်မဟာကဿပတို့ မမာမကျန်းတုန်းက မြတ်စွာဘုရား ဟောပါတယ်၊ မြတ်စွာဘုရား ကိုယ်တော်တိုင် မမာမကျန်းဖြစ်တဲ့အချိန်ကျတော့ စုန္ဒမထေရ်ကဟောပါတယ်။

**နည်းယူကြစေလို**

"ဒါကြောင့် သားတွေ့သမီးတွေ မမာမကျန်း ဖြစ်တဲ့အချိန် မိဘများက ဟောပေး၊ မိဘများ မမာမကျန်းဖြစ်တဲ့အချိန် သားတွေ့သမီးတွေက ဟောပေး။"

"မှန်ပါဘုရား။"

"ဆရာတော်တွေ မကျန်းမမာဖြစ်တဲ့အချိန် တပည့်တွေက ဟောပေး၊ တပည်တွေ မကျန်းမမာဖြစ်တဲ့အချိန် ဆရာတွေက ဟောပေး၊ စုန္ဒနဲ့ဘုရားတို့လိုပေါ့ဗျာ့နော်။"

"မှန်ပါဘုရား။"

အဲဒီလို ဗောဇ္ဈင်တရား သတိကစ,နာကြား၊ ပီတိပဿဒ္ဓိ သမ္မောဇ္ဈင်ဝင်တဲ့အထိ ဘုရားရှင်ကိုယ်တော်မြတ် နာကြားတော်မူတဲ့အတွက်ကြောင့်-

ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်လဲပဲ။ အာယသ္မာတော စုန္ဒထေရဿ၊ ရှင်စုန္ဒမထေရ်ရဲ့။ တံ၊ ထို ဗောဇ္ဈင်သုတ္တန်ဆိုတဲ့ ဓမ္မကထာ ဒေသနာကို။ သုတ္ဝာ၊ နာကြားရသည်ဖြစ်၍။ အာဗာဓာ၊ ထိုနှိပ်စက်နေတဲ့ အနာရောဂါမှ။ ဝုဋ္ဌဟိ၊ ကောင်းစွာမသေ့ ထမြောက်တော်မူခဲ့ပါပေသတည်း။

"သာဓု....သာဓု....သာဓုပါဘုရား။"

အေး....ဒါကြောင့်မို့ ဒီကနေ့ ပရိတ်(၁၁)သုတ်မှာပါနေတဲ့ ဗောဇ္ဈင်သုတ္တန်ဆိုတာဟာ ယခု ဘုန်းကြီးဟောပြထားခဲ့တဲ့ သံယုတ္တနိကာယ်၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်၌လာတဲ့ ပဌမဂိလာနသုတ္တန်၊ ဒုတိယဂိလာနသုတ္တန်၊ တတိယဂိလာနသုတ္တန်ဆိုတဲ့။

"သုတ္တန် ဘယ်နှစ်ခု။"

"သုံးခုပါ ဘုရား။"

ပဌမဂိလာနသုတ္တန်က ရှင်မဟာကဿပအတွက်ဟောတယ်။ ဒုတိယ ဂိလာနသုတ္တန်က ရှင်မောဂ္ဂလ္လာန်ကို ဟောတယ်။ တတိယဂိလာနသုတ္တန်က မြတ်စွာဘုရားကို ဟောတယ်။ အဲဒီတော့ ဘုရားက ဂိလာနဖြစ်ပြီးတော့ တရားနာတယ်နော်။

"မှန်ပါဘုရား။"

"ဟောတဲ့ပုဂ္ဂိုလ်က။"

"စုန္ဒမထေရ်ပါဘုရား"

"စုန္ဒမထေရ်၊ အဲဒါကြောင့်မို့ ဘုန်းကြီးတို့ပရိသတ်များ၊ ဘုရားတောင်ပဲ မမာမကျန်းဖြစ်တော့ စုန္ဒ ကြွပြီးတော့ တရား ဟောပါအုံးလို့ ဗောဇ္ဈင်သုတ် ကြားနာသေးတယ် မဟုတ် လား။"

"နာပါတယ်ဘုရား။"

"အဲဒါကြောင့်မို့ ငါဟာ ဘယ်လောက် ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးပဲလို့ ဆိုပြီးတော့ မိမိကိုယ်ကို မြှောက်နေစရာ မြှင့်နေစရာမလိုဘူး။"

"မှန်လှပါဘုရား။"

"ရောဂါ ဝေဒနာ နှိပ်စက် လာလို့ရှိယင် ကိုယ့်ကိုယ်ကိုယ် မတတ်နိုင်ယင် ဘုန်းကြီးတို့ ပရိသတ်များ ဒီလိုပဲ အားကိုးရာ ဆိုတာ ခေါ်ရမယ်ပေါ့။"

"မှန်ပါဘုရား။"

ဘုရားက အားကိုးရာ ရှာတယ်၊ ကိုယ့်ကိုယ်ကိုယ် ဘာမှ မတတ်နိုင်လို့ အားကိုးရာ ရှာတယ်လို့ ဒီ အဓိပ္ပါယ်ကို ဘုန်းကြီး ပြောတာ မဟုတ်ဘူး။ စုန္ဒမထေရ်ကိုလဲပဲ ဘုရားရှင် ကိုယ် တော်မြတ် ချီးမြှောက်တော် မူလိုတယ်၊ ဒီ ဗောဇ္ဈင်တရား ကိုလဲ အမွန်းတင်ပြီးတော့ အရေးကြီးတရား အနေနဲ့ ဘုရားရှင် ချီးမွမ်းတော်မူလိုတယ်။

"မှန်လှပါဘုရား။"

''ဒါကြောင့်မို့ ငါဘုရားရှင် ရောဂါဖြစ်တဲ့အခါ စုန္ဒကို ချစ်သား စုန္ဒ လာဟောတဲ့၊ စုန္ဒကို ချီးမြှောက်တဲ့ အနေ ဗောဇ္ဈင်တရားကို ချီးမြှောက်တဲ့အနေနဲ့ တရားနာတာ။''

''မှန်ပါဘုရား။''

**ပရိတ်ကြီး (၁၁) သုတ်လာ ဗောဇ္ဈင်သုတ်**

အဲဒါတွေကို ပရိတ်ကြီး စီစဉ်တော်မူကြတဲ့ ဆရာတော်ကြီးများကတော့ ဒီပါဠိတော်တွေကို ဂါထာတွေနဲ့စီပြီး တမျိုးတမည် စီရင်ပြီးတော့ ရေးထား၊ ပါဠိတော်ထဲ လာတဲ့ စကားပြေ စုဏ္ဏိယတွေဟာ ပရိတ်ကြီး (၁၁)သုတ်ထဲမှာတော့ ဒီအတိုင်း မရှိတော့ဘူး။ ဂါထာတွေနဲ့ စပ်ရှထားတယ်နော်။ အဲဒီ ဂါထာတွေနဲ့ သွားတဲ့နေရာမှာ။

သံသာရေ သံသရန္တာနံ၊ သဗ္ဗဒုက္ခဝိနာသနေ။
သတ္တ ဓမ္မေ စ ဗောဇ္ဈင်္ဂေ၊ မာရသေနာ ပမဒ္ဒနေ။
ဗုဇ္ဈိတွာ ယေ စိမေ သတ္တာ၊ တိဘဝါ မုတ္တကုတ္တမာ။
အဇာတိ' မဇရာဗျာဓိံ၊ အမတံ နိဗ္ဘယံ ဂတာ။
ဧဝမာဒိဂုဏူပေတံ၊ အနေကဂုဏသင်္ဂဟံ။
ဩသဓဉ္စ ဣမံ မန္တံ၊ ဗောဇ္ဈင်္ဂဉ္စ ဘဏာမဟေ။

ဒါက ဉယျောဇဉ်—

ဟေ၊ သူတော်ကောင်းတို့။ သံသာရေ၊ သံသရာကြီးအတွင်း၌။ သံသရန္တာနံ၊ ဘဝများစွာ သံသရာ၌ ကျင်လည်ရှုနေကြကုန်သော သတ္တဝါတို့၏။ သဗ္ဗဒုက္ခဝိနာသနေ၊အလုံးစုံသော ဆင်းရဲကိုလဲ ပယ်ဖျောက်ပေတတ်ထသော။ မာရသေနာ ပမဒ္ဒနေ၊

မာန်စစ်သည် အပေါင်းတို့ကို နှိမ်နင်းချေဖျက်ခြင်းငှာ စွမ်းနိုင်ပေထသော။ သတ္တ၊ ခုနှစ်ပါးကုန်သော။ ဃေဗောဇ္ဈင်္ဂေ၊ အကြင်ဗောဇ္ဈင်တရား ခုနှစ်ပါးတို့ကို။ ဗုဇ္ဈိတွာ၊ သိမြင်တော်မူကြကုန်သည်ဖြစ်၍။

ဣမေသတ္တ၊ ဤသတ္တဝါပေါင်းလို့ ခေါ်ဆိုအပ်တဲ့ ရှင်မဟာကဿပနဲ့ရှင်မဟာမောဂ္ဂလ္လာန်၊ ရှင်စုန္ဒမထေရ်၊ ဘုရားရှင်အမှူးရှိတဲ့ ဤအရိယာသူမွန် ပုဂ္ဂိုလ်အပေါင်းတို့သည်။ ဗုဇ္ဈိတွာ၊ သိမြင်တော်မူကြကုန်သည်ဖြစ်၍။ တိဘဝါ၊ ကာမ၊ ရူပ၊ အရူပဆိုတဲ့ ဘဝသုံးပါးမှ။ မုတ္တာ၊ လွတ်မြောက်တော်မူကြကုန်သည်ဖြစ်၍။

ဥတ္တမံ၊ မြင့်မြတ်တော်မူကြကုန်သည်ဖြစ်သော။ ဝါ၊ ဥတ္တမာ၊ မြင့်မြတ်တော်မူကြကုန်သော။ ဣမေ၊ ဤရှင်မဟာကဿပရယ်၊ ရှင်မောဂ္ဂလ္လာန်ရယ်၊ ဘုရားရှင်ရယ်၊ စုန္ဒရယ်အစရှိတဲ့အရိယာသခင်အရှင်သူမြတ်တို့သည်။ တိဘဝါ၊ ဤကာမ၊ ရူပ၊ အရူပဆိုတဲ့ ဘဝသုံးပါးတို့မှ။ မုတ္တာ၊ လွတ်မြောက်တော်မူကြလေကုန်ပြီ။

ဒီပုဂ္ဂိုလ်တွေ ဘဝသုံးပါးမှ လွတ်ဆိုတာ ဘာကြောင့်လွတ်သတုန်းဆိုတော့။

ယေသတ္တဗောဇ္ဈင်္ဂေ၊ အကြင်ဗောဇ္ဈင်တရားခုနှစ်ပါးတို့ကို။ ဗုဇ္ဈိတွာ၊ သိမြင်တော်မူကြကုန်သည်ဖြစ်၍။

ရှေ့နားကျော်စပ်၊

မုတ္တာ၊ လွတ်မြောက်တော်မူကြလေကုန်ပြီ။

ဗောဇ္ဈင်တရား(၇)ပါးသိလို့ ထိုပုဂ္ဂိုလ်တွေ ဘဝ(၃)ပါးမှ လွတ်တော်မူကြပါတယ်လို့ ဒီ စကားရပ်။

မုတ္တာ၊ လွတ်မြောက်တော်မူကြလေကုန်ပြီ။

အဇာတိမဇရာဗျာဓိံ၊

အဇာတိံ၊ ပဋိသန္ဓေနေခြင်းလဲ မရှိပေထသော။ အဇရံ၊ အိုခြင်းလဲ မရှိပေထသော။ အဗျာဓိံ၊ နာခြင်းလဲ မရှိပေထသော။ အမရဏံ၊ သေခြင်းလဲ ကင်းပေထသော။ အမတံ၊ အမတဓာတ်လို့ ခေါ်ဆိုရပေသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ နိဗ္ဗုယံ၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍နေပေထသော။ အမတံ၊ အမတဓာတ် နိဗ္ဗာန်ပရမတ်သို့လဲပဲ။ ဂဟာ၊ ရောက်တော်မူကြကုန်ပြီ။

အဲဒီဗောဇ္ဈင်တရား ခုနစ်ပါး သိတော်မူကြကုန်သော၊ ထိုအရိယာသင် အရှင်သူမြတ်တွေဟာ အိုခြင်း၊ နာခြင်း၊ သေခြင်း ဘေးရန်ကင်းတဲ့ နိဗ္ဗာန်ကို ရောက်တော်မူကြကုန်ပြီ။

ဝေမာဒိ ဂုဏူပေတံ၊ အနေက ဂုဏသင်္ဂဟံ။

ဩသဓဉ္စ ဣမံ မန္တံ့ ဗောဇ္ဈင်္ဂဉ္စ ဘဏာမဟေ။

ဝေမာဒိဂုဏူပေတံ၊ ဤသို့အစရှိသော ဂုဏ်အပေါင်းနှင့် ပြည့်စုံ၍နေပေထသော။ အနေကဂုဏသင်္ဂဟံ၊ မြောက်မြားစွာသော ဂုဏ်အပေါင်းတို့ကိုလဲ သင်္ဂြိုဟ်ယူရာဖြစ်ပေသော။ ဩသဓဉ္စ၊ ရောဂါပျောက်ရေး ဆေးသဖွယ်လည်း ဖြစ်ပေ ထသော။ မန္တဉ္စ၊ အန္တရာယ်ကင်းရေးမှာဖြင့် မန္တန်သဖွယ်လဲ ဖြစ်၍ နေပေထသော။

အဲဒါက ပရိတ်ကြီးစီရင်တဲ့ဆရာတော်တွေက ဒါ ထည့်ပစ် ခဲ့တယ်။ ဒီ ဗောဇ္ဈင်တရားတော်ဟာ၊ ဩသဓဉ္စ၊ မန္တဉ္စ၊ ရောဂါ ပျောက်တဲ့နေရာမှာ ဆေးနဲ့လဲ တူတယ်၊ အန္တရာယ်ကင်းဖို့အရာ မှာဆိုလို့ရှိယင် မန္တန်နဲ့လဲ တူတယ်။ ဆေးများမန္တန်များစွမ်း

သလို ဒီဗောဇ္ဈင်ဟာလဲ စွမ်းတယ်လို့ ပြောတာ၊ အဲဒါကို အဓိပ္ပာယ်ကောက်ရမှာ တလွဲသွားပြီး ဒီဥစ္စာဟာ မန္တန်တွေပဲလို့ မကောက်နဲ့။

"မှန်ပါဘုရား။"

ဩသဓဥ္စ၊ ရောဂါပျောက်ရေးမှာ ဆေးသဖွယ်ဖြစ်ပေထသော။ မန္တဥ္စ၊ အန္တရာယ်ကင်းရေးမှာဖြင့် မန္တန်သဖွယ်လဲ ဖြစ်ပေထသော။ ဣမံ ဗောဇ္ဈင်္ဂပရိတ္တံ၊ ဤဗောဇ္ဈင်္ဂသုတ်ပရိတ်ကို။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ကောင်းစွာမသွေ ရွတ်ကြရပေကုန်အံ့သတည်း။

"သာဓု....သာဓု....သာဓုပါဘုရား။"

(၁) ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော၊
ဓမ္မာနံ ဝိစယော တထာ။
ဝီရိယံ ပီတိ ပဿဒ္ဓိ၊
ဗောဇ္ဈင်္ဂါ စ တထာပရေ။ ။

(၂) သမာဓုပေက္ခာ ဗောဇ္ဈင်္ဂါ၊
သတ္တေတေ သဗ္ဗဒဿိနာ။
မုနိနာ သမ္မဒက္ခာတာ၊
ဘာဝိတာ ဗဟုလီကတာ။ ။

(၃) သံဝတ္တန္တိ အဘိညာယ၊
နိဗ္ဗာနာယ စ ဗောဓိယာ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။ ။

(၄) ဧကသ္မိံ သမယေ နာထော၊
မောဂ္ဂလ္လာနဉ္စကဿပံ။
ဂိလာနေ ဒုက္ခိတေ ဒိသွာ၊
ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ။ ။

(၅) တေ စ တံ အဘိနန္ဒိတွာ၊
ရောဂါ မုစ္စိံသု တင်္ခဏေ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။ ။

(၆) ဧကဒါ ဓမ္မရာဇာပိ၊
ဂေလညေနာဘိပီဠိတော။
စုန္ဒတ္ထေရေန တံယေဝ၊
ဘဏာပေတွာန သာဒရံ။ ။

(၇) သမ္မောဒိတွာန အာဗာဓာ၊
တမှာ စုဋ္ဌာသိ ဌာနသော။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။ ။

(၈) ပဟီနာ တေ စ အာဗာဓာ၊
တိဏ္ဏန္နမ္ပိ မဟေသိနံ။
မဂ္ဂဟတာ ကိလေသာဝ၊
ပတ္တာ'နုပ္ပတ္တိဓမ္မတံ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။ ။

(၁) သတိသမ္ဗောဇ္ဈင်္ဂါ သတိဟု ဆိုအပ်သော။ ဗော ဇ္ဈင်္ဂေါ စ၊ ဗောဇ္ဈင်လည်းကောင်း။ ဓမ္မဝိစယော စ၊ ဓမ္မ ဝိစယဗောဇ္ဈင်လည်းကောင်း။ တထာ၊ ထိုမှတပါး။ ဝီရိယဥ္စ၊ ဝီရိယဗောဇ္ဈင်လည်းကောင်း။ ပီတိပဿဒ္ဓိ ဗောဇ္ဈင်္ဂါ စ၊ ပီတိ ဗောဇ္ဈင် ပဿဒ္ဓိဗောဇ္ဈင်တို့လည်းကောင်း။ တထာ၊ ထိုပြင်။ အပရေ၊ တပါးကုန်သော။

(၂) သမာဓုပေက္ခာ ဗောဇ္ဈင်္ဂါ စ၊ သမာဓိဗောဇ္ဈင်, ဥပေက္ခာဗောဇ္ဈင်တို့လည်းကောင်း။ ဣတိ၊ ဤသို့။ သဗ္ဗဒဿိနာ၊ တရားအလုံးစုံ အကုန်သိတော်မူသော။ မုနိနာ၊ မြတ်စွာ ဘုရားရှင်သည်။ သမ္မဒက္ခာတာ၊ ကောင်းစွာ ဟောကြားတော် မူအပ်ကုန်သော။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဧတေ၊ ထို ဗောဇ္ဈင်တရားတို့ကို။ ဘာဝိတာ၊ ပွားများအပ်ကုန်သည်ရှိ သော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ် ကုန်သည်ရှိသော်။

(၃) အဘိညာယ စ၊ သစ္စာလေးပါးကိုထိုးထွင်း၍ သိဖို့ ရန်လည်းကောင်း။ နိဗ္ဗာနာယ စ။ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ ရန်လည်းကောင်း။ ဗောဓိယာ စ၊ ဗောဓိဉာဏ် အလို့ငှာလည်း ကောင်း။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဧတေန သစ္စဝဇ္ဇေန၊ ဤသစ္စာစကားကြောင့်။ တေ၊ သင့်အား။ သဗ္ဗဒါ၊ အခါ ခပ်သိမ်းသော ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား။"

(၄) ကေသို့ သမယေ၊ အခါတပါး၌။ နာထော၊ မြတ်စွာဘုရားသည်။ မောဂ္ဂလ္လာနဥ္စ၊ ရှင်မဟာမောဂ္ဂလ္လာန်ကိုလည်းကောင်း။ ကဿပဥ္စ။ ရှင်မဟာကဿပကိုလည်းကောင်း။ ဂိလာနေ၊ မကျန်းမာသည်တို့ကို။ ဒုက္ခိတေ၊ ကာယိက ဒုက္ခဟုဆိုအပ်သော ဆင်းရဲခြင်းသို့ ရောက်သည်တို့ကို။ ဒိသွာ၊ မြင်တော်မူရ၍။ သတ္တဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင်တရား ခုနစ်ပါးတို့ကို။ ဒေသယိ၊ ကရုဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား။"

(၅) တေစ၊ ထိုမထေရ်မြတ်တို့သည်။ တံ။ ထိုဗောဇ္ဈင်တရား ခုနစ်ပါးတို့ကို။ အဘိနန္ဒိတွာ၊ နှစ်သက်အားရစွာ ယူကြရကုန်၍။ တင်္ခဏေ၊ ထိုခဏ၌။ ရောဂါ၊ ရောဂါမှ။ မုစ္စိံသု၊ ပျောက်ကင်း လွတ်မြောက်ကြရကုန်ပြီ။ ဧတေနသစ္စဝဇ္ဇေန၊ ဤသစ္စာစကားကြောင့်။ တေ၊ သင့်အား။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား။"

(၆) ဧကဒါ၊ အခါတပါး၌။ ဓမ္မရာဇာပိ၊ တရားဘုရင်ဖြစ်တော်မူသော ဘုရားရှင်သည်လည်း။ ဂေလညေန၊ ရောဂါဝေဒနာသည်။ အဘိပီဠိတော၊ ပြင်းထန်စွာ နှိပ်စက်အပ်သည်ဖြစ်၍။ စုန္ဒတ္ထေရေန၊ စုန္ဒမထေရ်ကို။ တံယေဝ၊ ထိုဗောဇ္ဈင်တရားတော်ကိုပင်။ သာဒရံ၊ ရိုသေလေးစားစွာ။ ဘဏာပေတွာန၊ ရွတ်ဆိုစေ၍။

(၇) သမ္မောဒိတ္ဗာန၊ ဝမ်းမြောက်တော်မူသောကြောင့်။ ဌာနသော၊ တခဏချင်း။ တမှာအာဗာဓာ၊ ထိုရောဂါမှ။ ဝုဋ္ဌာသိ၊ ထမြောက်ပျောက်ကင်းတော်မူလေပြီ။ ဧတေနသစ္စဝဇ္ဇေန၊ ဤသစ္စာစကားကြောင့်။ တေ၊ သင့်အား။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား။"

(၈) ပဂ္ဂဟာတာ၊ အရိယာမဂ်တရားတို့သည် ပယ်ရှားဖျက်ဆီးအပ်ကုန်သော။ ကိလေသာ၊ ကိလေသာတို့သည်။ အနုပ္ပတ္တိဓမ္မတံ၊ တဖန်ထပ်ကာ မဖြစ်လာခြင်းသဘော ရှိသည်၏အဖြစ်သို့။ ပတ္တာဣဝ၊ ရောက်ရကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ တဏ္ဍာန္နမ္ဗိ၊ သုံးပါးလည်းဖြစ်ကုန်သော။ မဟေသိနံ၊ သီလက္ခန္ဓစသည် ဖွေရှာ နှစ်ပါးသော ထေရ်အရှင်တို့၏။ ပဟီနာ၊ ဗောဇ္ဈင်တရားဖြင့် ပယ်ရှားအပ်ပြီးဖြစ်ကုန်သော။ တေ အာဗာဓာ စ၊ ထိုရောဂါတို့သည်လည်း။ အနုပ္ပတ္တိဓမ္မတံ၊ တဖန်ထပ်ခါမဖြစ်လာခြင်းသဘောရှိသည်၏အဖြစ်သို့။ ပတ္တာ၊ ရောက်ကုန်ပြီ။ ဧတေနသစ္စဝဇ္ဇေန၊ ဤသစ္စာစကားကြောင့်။ တေ၊ သင့်အား။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား။"

ဗောဇ္ဈင်္ဂသုတ္တန် ဂိလာနသုတ္တန် အစအဆုံး အကုန်လုံး အပြီးတိုင်ရောက်ပြီ။

## "တရားသိမ်းဂါထာ"

သဒ္ဓိတံ မေ မဟာပုညံ၊ ဓမ္မဒေသက သဒ္ဓိတံ။
တေန သဗ္ဗေ သုခါယန္တု၊ ဇနာ လူဠသမင်္ဂိနော။

ဧမ-မယာ၊ ဒေသကဖြစ်သော တရားဟောဆရာ ငါသည်။ ဓမ္မဒေသက သဒ္ဓိတံ၊ ဂိလာနသုတ္တန် (ဗောဇ္ဈင်္ဂသုတ္တန်) နှင့် စပ်ယှဉ်၍ဟောကြားအပ်သော။ ယံ မဟာပုညံ၊ အကြင်ဓမ္မဒါနလို့ ခေါ်ဆိုအပ်တဲ့ ဘာဝနာမယပုညကြိယာ ကုသိုလ်ထူးကို။ သဒ္ဓိတံ၊ တရားလိုလားကြတဲ့ အမျိုးကောင်းသားသမီးများအတွက် ကောင်းစွာမသွေ ဆည်းပူးမိပါပေပြီ။ တုမှေဟိပိ၊ တရားချစ်ခင် စိတ်ကောင်းဝင်ကြကုန်သော သင် သူတော်စင် ပရိသတ်အပေါင်းတို့သည်လဲပဲ။ ယံမဟာပုညံ၊ အကြင်ဓမ္မသဝန တရားနာရခြင်းဆိုတဲ့ ဘာဝနာမယပုညကြိယာကုသိုလ်ထူးကို။ သဒ္ဓိတံ၊ ကောင်းစွာမသွေ ဆည်းပူးမိကြပါပေပြီ။

တေန၊ ထိုသို့ဆည်းပူး ဓမ္မဒါန ဓမ္မသဝန ဘာဝနာမယ ပုညကြိယာကုသိုလ်ထူးကြောင့်။ ဇနာ၊ တရားနာပရိသတ်နှင့် တကွ သတ္တဝါဟူ နတ်လူပြဟ္မာ ပေါင်းများစွာ တို့သည်။ လူဠသမင်္ဂိနော၊ မိမိတို့လိုလားအပ် တောင်းတအပ်သော လူဠအထွေထွေ ကျက်သရေမင်္ဂလာ အဖြာဖြာ အပေါင်းတို့နှင့် ပြည့်စုံကြကုန်သည်ဖြစ်၍။ သုခါယန္တု၊ ယနေ့ကစ နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် စိတ်ရွှင်လန်း၍ ကျန်းကျန်း မာမာ ချမ်းချမ်းသာသာ ရှိတော်မူကြပါစေကုန်သတည်း။

"သာဓု....သာဓု....သာဓုပါ ဘုရား။"

## အမြွတ်ဆုံးဒါန

ဤဓမ္မချက်သုတ္တန်တရားတော် စာအုပ်ကို

"ဓမ္မတေးပိဋကမိသားစုအသံသွင်းဌာန"

၁၈၉-မောင်ထော်လေးလမ်း၊ရန်ကုန်မြို့က

မ,တည်ထားသောအလှူငွေဖြင့် - စိုက်ထုတ်၍

စာအုပ်မှုဖြစ်ပေါ်လာသောဓမ္မပူဇာများကို

"သီတဂူ ရေအလှူတော်" ၌

ပါဝင်လှူဒါန်းမည်ဖြစ်ပါသည်။